စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၁၂/၂၀၂၂**

## ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- အိန္ဒိယ - မြန်မာ ကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အမှာစကားပြောကြား
- မြိတ်ဒေသတွင် ကကတစ်ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်နေ
- မုံရွာမြို့ရှိ ငရုတ်သီးဈေးကွက်
- မြစ်သားမြို့နယ် ၏ ဝါဈေးနှုန်း၊ ဈေးကွက်အခြေအနေ

### နိုင်ငံတကာဈေးကွက်

- အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသ (ACFTA) အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်
- ဂျာမနီနိုင်ငံ၏ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်ဆိုင်ရာအက်ဥပဒေမူကြမ်းကို အတည်ပြုချမှတ်ခြင်း
- ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်ကို သက်တမ်းတိုး၍ မရသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးဗာရိုနင်ပြောကြား
- တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ် တိုးတက်နေ
- ကာတာနိုင်ငံသို့ အေးခဲပင်လယ်စာများတင်သွင်းမှု ယာယီရပ်ဆိုင်း
- ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP)ကြောင့် အရှေ့တောင်အာရှနိုင်ငံအချို့ ဒူရင်းသီးတင်ပို့မှု မြန်ဆန်လွယ်ကူ
- တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းတွင် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ပထမဆုံး ထိပ်သီးအစည်းအဝေးကျင်းပခဲ့
- ရာသီဥတုပြောင်းလဲခြင်းအပေါ် တုန့်ပြန်ဆောင်ရွက်ရာတွင် မှန်ကန်သောကုန်သွယ်မှု မူဝါဒများ ရှိရန်လိုအပ်
- ပြောင်းဆန်ကို တရုတ်အပြင် ထိုင်းနှင့်ဖိလစ်ပိုင်ဘက်ကပါ ဝယ်ယူနေ၍ ဈေးဆက်တိုက်တက်နေ
- တူရကီ ဥဇဘက်ကစ္စတန် တရုတ် ဗဟိုဘဏ်များ ရွှေအဝယ် ဆက်လက်များနေဆဲ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- စပါးနှင့် ပဲတီစိမ်းစိုက်တောင်သူများကို ငွေမချေးဘဲ မြေဩဇာနှင့် ပိုးသတ်ဆေးရရှိရေး ဆောင်ရွက်ပေးပြီး မြေဩဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့်ပဲတီစိမ်းများကို ပေါက်ဈေးဖြင့် ပြန်လည်ရောင်းချ ပေးချေရမည်
- ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ၂၀၂၃ ခုနှစ်ဇန်နဝါရီလအတွင်း ပြီးမြောက်နိုင်ရေးဆောင်ရွက်နေ
- ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် ပြပွဲပြိုင်ပွဲ ကျင်းပပြုလုပ်မည်

### ပြည်ပကုန်သွယ်မှုသတင်း

- နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်ရငွေကို ဒေါ်လာအပြင် ယွမ်/ဘတ်တို့ဖြင့် ပေးချေခွင့်ပြုပြီး အဆိုပါပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်ပေါက်ဈေးဖြင့် တစ်ရက်အတွင်း ကျပ်ငွေဖြင့် လဲလှယ်ရန် ဗဟိုဘဏ်ထုတ်ပြန်
- မြန်မာ့ကော်ဖီများ ထိုင်းနိုင်ငံက ဝယ်ယူမှုမြင့်တက်နေခြင်းကြောင့် ဈေးကောင်းရရှိနေ
- မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၃၁၆
http://www.myantrade.org
myantradetir2018@gmail. com

**အထူးဆောင်းပါးများ**

- တရုတ်-မြန်မာကုန်သွယ်မှုကိုကျော်တက်ပြီး အဓိကကုန်သွယ်ဖက်ဖြစ်လာသည့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## အိန္ဒိယ - မြန်မာ ကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အမှာစကားပြောကြား

နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန် တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ India Centre ၌ ကျင်းပပြုလုပ်ခဲ့သည့် အိန္ဒိယ - မြန်မာ ကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများ၊ အိန္ဒိယနိုင်ငံ ဈေးကွက်သို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိစ္စများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသောအခက်အခဲများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ တက်ရောက်လာသော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။ ဆက်လက်၍ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး မှတ်တမ်းဓါတ်ပုံများရိုက်ကာ အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာ-အိန္ဒိယ ကုန်သည်များအသင်းမှ ကိုယ်စားလှယ် (၄၅) ဦးခန့် တက် ရောက်ကြပါသည်။

Source: https://www.commerce.gov.mm/

## မြိတ်ဒေသတွင် ကကတစ်ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသတွင် ကကတစ်ငါး မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နေကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ မြိတ်ဒေသတွင် ကကတစ်ငါး တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၈၀၀၀ ကျပ်ထိ ဈေးနှုန်းရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ခန့်ထိ ပေါက်ဈေးရရှိနေကြောင်း၊ ယခုနှစ် ငါးအစာဈေးနှုန်းများ မြင့်တက်လာသဖြင့် မွေးမြူသည့်ကုန်ကျစရိတ်မှာ ယခင်နှစ်ထက် ပိုမိုကုန်ကျနေသော်လည်း ငါးဈေးနှုန်းများမှာ ယခင်နှစ်ကထက်မြင့်တက်နေသဖြင့် မွေးမြူလုပ်ကိုင်သူများအတွက် တွက်ခြေကိုက်မှုရှိနေကြောင်း၊ အဆိုပါ ကကတစ်ငါးများကို ဒေသတွင်းစားသုံးရန်ရောင်းချပြီး ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ အအေးခန်းကွန်တိန်နာဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

အဆိုပါဒေသရှိ ကကတစ်ငါး မွေးမြူရေးလုပ်ငန်းပိုင်ရှင်များသည် ကကတစ်ငါး ငါးသားပေါက် အကောင်ရေ ၁၀၀၀၀ ခန့်မွေးမြူလျှင် စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၂၉၄ သိန်းကုန်ကျမည်ဖြစ်ပြီး ငါးဖော်ချိန်၌ ကကတစ်ငါး(အရှင်) ၈၀ ရာခိုင်နှုန်းမွေးမြူအောင်မြင်ပါက အသားတင်အမြတ် ကျပ် ၂၃၈ သိန်းခန့် ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် အဆိုပါဒေသများတွင် ကကတစ်ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ တိုးတက်များပြားလာခဲ့သောကြောင့် ယခုအခါ မြိတ်မြို့နှင့် ပတ်ဝန်းကျင်ဒေသတွင် ကကတစ်ငါးများကို ရေချိုဒေသများတွင်လည်းကောင်း၊ ရေငန်ဒေသများတွင်လည်းကောင်း၊ ရေချို၊ ရေငန်အစပ်ဒေသများတွင်လည်းကောင်း၊ မြေသားရေကန်များဖြင့် စီးပွားဖြစ်မွေးမြူကြသည့်အပြင် မြစ်ချောင်းဒေသများနှင့် ပင်လယ်ပြင်ဒေသများတွင်လည်း လှောင်အိမ်ဖောင်များဖြင့် မွေးမြူလုပ်ကိုင်ဆောင်ရွက်နေကြကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## မုံရွာမြို့ရှိ ငရုတ်သီးဈေးကွက်

မုံရွာမြို့တွင် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးကို ဒေသတွင်း လက်လီ/ လက်ကားသမားများဖြင့်သာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိသည်။ ငရုတ်သီးစိမ်းကို မုံရွာမြို့ရှိ ပွဲရုံများမှတစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/ လက်ကား ရောင်းချလျက်ရှိကြောင်းသိရသည်။ မုံရွာမြို့တွင် စိုက်ပျိုးသော ကျောက်စိမ်းငရုတ်သီးဈေးမှာ ယခုလက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင်(၂၀၀၀-၂၂၀၀)ကျပ်နှုန်း၊ လက်လီဈေးမှာ တစ်ပိဿာလျှင် (၂၄၀၀-၂၆၀၀) ကျပ်နှုန်း တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ငရုတ်သီးစိမ်းကို မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနီး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးပြီး ငရုတ်သီးစိမ်း ဈေးကောင်းရရှိနေခြင်းကြောင့် စိုက်ပျိုးတောင်သူများလည်း အကျိုးအမြတ်ဖြစ်ထွန်းကာ အဆင်ပြေနေကြောင်း သိရသည်။

Source: https://www.commerce.gov.mm/

## မြစ်သားမြို့နယ်၏ ဝါဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဝါသီးနှံများကို လွန်ကျော်၊ ပေတောာ၊ ဒါးဝယ်အင်း ကျေးရွာများတွင် အများဆုံးစိုက်ပျိုးလျက်ရှိရာ အိန္ဒိယမျိုးနှင့် စိန်ကမ္ဘာမျိုးများကို အဓိကစိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ ခုနှစ်သိန်း မှ ရှစ်သိန်းခန့်ထိကုန်ကျပြီး၊ တစ်ဧကအထွက်နှုန်းမှာပျမ်းမျှ ပိဿာ (၄၀၀) မှ (၅၀၀) ထွက်ရှိကြောင်း၊ ထွက်ရှိလာသော ဝါ များကို မြစ်သား၊ ကူမဲရှိပွဲရုံများနှင့် မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အထွက်နှုန်းကတော့ အရင်နှစ်ထက်ပိုမထွက်ပေမဲ့ ဒီနှစ်မှာဈေးပိုရကြောင်း မြစ်သားမြို့နယ်၊ ပေတောရွာမှ ဝါစိုက်တောင်သူ ဦးဇော်နိုင်က ပြောပါတယ်။

ဝါဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ယခုတစ်ပတ်ကျပ် ၂၆၀၀ မှ ၂၇၀၀ ပေါက်ဈေးရှိပြီး၊ ယခင်လ ကျပ် ၂၂၀၀ မှ ၂၄၀၀ ဈေးရောင်းရပြီး ယခင်လထက်ကျပ် ၃၀၀ မှ ၄၀၀ မြင့်တက်လာကြောင်းသိရသည်။ ဝါသီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိပြီး ဝင်ငွေကောင်းတဲ့ သီးနှံဖြစ်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်သော်လည်း သွင်းအားစုဈေးမြင့်တက်လာခြင်းကြောင့် အကျိုးအမြတ်ရရှိမှုနည်း နေသေးကြောင်းသိရပါသည်။

Source: ရတနာပုံကုန်သွယ်မှုဇဟိုဌာန

# နိုင်ငံတကာဈေးကွက်

## အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသ(ACFTA) အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA) အဆင့်မြှင့်တင်ရေး အတွက် စေ့စပ်ညှိနှိုင်းမှုများ တရားဝင်စတင်ဆောင်ရွက်ခြင်းကို အာဆီယံနှင့်တရုတ်နိုင်ငံတို့မှ ခေါင်းဆောင်များက ကြိုဆိုခဲ့ကြပါသည်။ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရခြင်းမှာ အာဆီယံ-တရုတ်လွတ်လပ် သောကုန်သွယ်မှုဒေသ (ACFTA) သည် အာဆီယံ-တရုတ်စီးပွားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းကျယ်ပြန့်လာစေရေးနှင့် ဒေသတွင်းနိုင်ငံများ၏ ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ဦးမော့လာစေရေးကို အထောက်အကူပြုစေရန်အတွက် ရည်ရွယ်ပါသည်။ (၂၅) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသ(ACFTA) အဆင့်မြှင့်တင်မှုဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသ (ACFTA) သည် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား သက်တမ်းအရင့်ဆုံး FTA ဖြစ်ပါသည်။ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ACFTA) ကို အဆင့်မြှင့်တင်ခြင်းသည် ACFTA ကို စီးပွားရေးလုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်မှုရှိစေရန်၊ အနာဂတ်အတွက် အဆင်သင့်ရှိနေပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန် ဆောင်ရွက်မည်ဟုကတိပြုခြင်းဖြစ်ကြောင်း အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ သက်ဆိုင်သူအားလုံးကို အသိပေးလိုက်ခြင်းဖြစ်ပါသည်။

ထိုသို့အဆင်မြှင့်တင်ထားသည့် ACFTA သည် နှစ်ဘက်စလုံးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များဖြစ်သော ဒစ်ဂျစ်တယ်စီးပွားရေး၊ Green economy၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အကျုံးဝင်မည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် အာဆီယံ၏အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ၏ ဒုတိယအကြီးဆုံးရင်းမြစ်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်စည်ကုန်သွယ်မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၆၆၉ ဘီလီယံအထိ ရောက်ရှိခဲ့ပါသည်။ COVID-19 ကပ်ရောဂါသည် အချိန်အတော်ကြာ သက်ရောက်မှုများရှိနေသော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုမှာ ၂၈ ရာခိုင်နှုန်းရှိပါသည်။ အလားတူကာလအတွင်း တရုတ်နိုင်ငံမှ အာဆီယံနိုင်ငံများသို့ FDI စီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံရှိပြီး၊ ၂၀၂၀ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၇ ဒသမ ၀ ဘီလီယံ၏ နှစ်ဆနီးပါးရှိနေသဖြင့် အာဆီယံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဝင်ရောက်မှု စုစုပေါင်း၏ ၇ ဒသမ ၈ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။

ရှေ့ဆက်ဆောင်ရွက်ခြင်းဖြင့် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) သည် လက်ရှိကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းနှင့် အရှိန်အဟုန်တို့ကို ပိုမိုပံ့ပိုးပေးမည်ဖြစ်ပါသည်။

Source: asean.org

Source: ကေခိုင်ကျော် (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ဂျာမနီနိုင်ငံ၏ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်ဆိုင်ရာအက်ဥပဒေမူကြမ်းကို အတည်ပြုချမှတ်ခြင်း

ဂျာမန်အစိုးရအဖွဲ့အစည်းအဝေးက ဂျာမန်စားသုံးသူများအနေဖြင့် မွေးမြူထုတ်လုပ်ထားသောအသားများ ဝယ်ယူစားသုံးရာတွင် တိရစ္ဆာန်များကိုမွေးမြူထားရှိပုံ နည်းလမ်းများကိုသိရှိနိုင်စေရန် ရည်ရွယ်၍ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်ဆိုင်ရာ (Animal Husbandry Labelling) အက်ဥပဒေမူကြမ်းကို ၂၀၂၂ခုနှစ် အောက်တိုဘာလအတွင်းက အတည်ပြုချမှတ်ပေးခဲ့ပါသည်။

ဖက်ဒရယ်အစားအစာနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန (Federal Ministry of Food and Agriculture-BMEL) သည် ဂျာမနီနိုင်ငံတွင် မူလအခြေစိုက်မွေးမြူထုတ်လုပ်သော အသားထုတ်ကုန် အစားအစာများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်စနစ် ဖြစ်ပေါ်လာစေရန် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အခြားပြင်ပနိုင်ငံများမှ တင်သွင်းလာသည့် အသားထုတ်ကုန်များတွင်လည်း အဆိုပါအမှတ်တံဆိပ်စနစ်များကို ၎င်းတို့ဆန္ဒအလျောက် (voluntary option ) အနေဖြင့် ကျင့်သုံးလာစေရန်အက် ဥပဒေမူကြမ်းချမှတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မကုန်မီတွင် ဥပဒေပြုရေးလုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ပထမအဆင့်အနေဖြင့် ဝက်သား လတ်ဆတ်နှင့်အေးခဲ လက်လီ၊ လက်ကားစားသောက်ကုန်လုပ်ငန်းများ၊ ဝန်ဆောင်မှုကောင်တာများ၊ အထူးအရောင်းဆိုင်များ၊ အွန်လိုင်းရောင်းချမှုများတွင် အမှတ်တံဆိပ်စနစ်ကို စတင်မည်ဖြစ်ပြီး ဆက်လက်၍ အခြားအသားအမျိုးအစားများနှင့် ထုတ်ကုန်များ၊ စားသောက်ဆိုင်များ၊ စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စားသုံးသူများအနေဖြင့် ထုတ်ကုန်များရှိ labelling ကို ကြည့်ရှု၍ တိရစ္ဆာန်ဆန်များကို အသားတိုးဆောင်ရွက်နေသည့်ကာလအတွင်း မွေးမြူထားသိုပုံကို နားလည်သိရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ထို့ပြင်labellingသည် မွေးမြူရေးကာလအတွင်း အဆင့် (၅)ဆင့်ဖြစ်သည့် အိမ်ခြံတွင်းမွေးမြူခြင်း (Indoor housing)၊ အိမ်ခြံတွင်းနှင့်ပြင်ပ စားကျက်များတွင်မွေးမြူခြင်း (indoor+space)၊ အိမ်ခြံတွင်းတွင် ပြင်ပလေရရှိသည့်အခြေအနေ၌ မွေးမြူခြင်း (indoor with fresh air)၊ ပြင်ပစားကျက်နေရာများတွင် ထားရှိထိန်းကျောင်းခြင်း (outdoor runs/free-range)နှင့် အော်ဂဲနစ်မွေးမြူရေး(organic) အဆင့်များတို့တွင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိကိုလည်း သေချာစွာခွဲခြားနားလည်စေရန် ဆောင်ရွက်ထားရှိပါသည်။

အဆိုပါ labelling စနစ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးလယ်သမားများအနေဖြင့် တိရစ္ဆာန်များမွေးမြူထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အတွက် ရန်ပုံငွေအထောက်အပံ့ ရရှိနိုင်မည်ဖြစ်ပါသည်။ အစားအစာနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန (BMEL) က တိရစ္ဆာန်များ မွေးမြူရေးလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်ရေး၊ ပတ်ဝန်းကျင် ပြောင်းလဲမှုကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု ဒဏ်လျော့ကျရေးဆိုင်ရာများ ဆောင်ရွက်နေသည့် အကူးအပြောင်းကာလအတွင်း လယ်သမားများအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.bmel.de/EN/topics/animals/animal-welfare/state-run-animal-welfare-label-pigs.html

Source: ဒေါ်သီတာဝင်းငွေး- စီးပွားရေးသံမှူး-ဘာလင်မြို့

## ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်ကို သက်တမ်းတိုး၍ မရသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးဗာရိုနင်ပြောကြား

ပင်လယ်နက် ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများကို ပြည်ပတင်ပို့ခွင့်ပေးထားသော ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်ကို သက်တမ်းတိုးရေးအတွက် သဘောတူညီမှုမရသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးဗာရိုနင်က နိုဝင်ဘာ ၁၂ ရက်က ပြောကြားလိုက်ကြောင်းသိရသည်။

ပင်လယ်နက် ကောက်ပဲသီးနှံသဘောတူညီချက်သည် ရုရှားကသော်လည်းကောင်း၊ ယူကရိန်းကသော်လည်းကောင်း သက်တမ်းတိုးရန် ငြင်းပယ်ခဲ့ပါက ရက်သတ္တပတ်အတွင်း သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်နှင့်ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံ၊ဂျီနီဗာမြို့၌ ကုလသမဂ္ဂတာဝန်ရှိသူများနှင့်ဆွေးနွေးမှုသည် အပြုသဘောဆောင်သော်လည်း ယင်းသဘောတူညီချက်ကို သက်တမ်းထပ်တိုးရေးအတွက် သဘောတူညီမှု ယူထားခြင်းမရှိကြောင်း ဆာဂေးဗီးရိုနင်က ပြောကြားခဲ့သည်။ ထို့ပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့နေသည့် ရုရှားနိုင်ငံဘဏ်တစ်ခုကို နိုင်ငံတကာဘဏ်ငွေပေးချေမှုစနစ်ဖြင့် ပြန်လည်ချိတ်ဆက်ပေးခြင်းမရှိပါက ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက် သက်တမ်းတိုးရေးဆွေးနွေးပွဲများ၌ တိုးတက်မှုရှိလိမ့်မည်မဟုတ်ဟု ဆာဂေးဗီးရိုနင်က သတိပေးထားကြောင်းသိရသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ကုလသမဂ္ဂ၏ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်ကို ယခုနှစ် ဇူလိုင်လအတွင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူညီချက်အရ ယူကရိန်းကောက်ပဲသီးနှံနှင့် အခြားစားနပ်ရိက္ခာတန်ချိန် ၁၀ ထိကို ပင်လယ်နက် ရေကြောင်းလမ်းများမှတစ်ဆင့် ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

Source: ရတနာပုံသတင်းစာ

## တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ် တိုးတက်နေ

တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ်တိုးတက်နေပြီး ၎င်းတို့၏ခရီးသွားလာမှု အချိန်ဇယားများ အမြဲအချိန်မှန်၍ တည်ငြိမ်နေကြောင်း China Railway Container Transport Corp က (၁၅-၁၁-၂၂) ရက်နေ့တွင် ပြောကြားခဲ့သည်။ photovoltaic အင်ဗာတာများ၊ လျှပ်စစ်ကွန်ပရက်ဆာများ၊ ဖုန်စုပ်စက်များနှင့် အခြားထုတ်ကုန်များကို သယ်ဆောင်လာသောရထားတစ်စီးသည် ဂျာမနီနိုင်ငံ Duisburg သို့ (၁၄-၁၁-၂၂) ရက်နေ့တွင် ရောက်ရှိခဲ့ကြောင်း ယင်းသည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း Shaanxi ပြည်နယ်ရှိ Xi'an မှ ဂျာမနီနိုင်ငံ Duisburg သို့ မရောက်မီ (၁၁) ရက်အလိုတွင် ထွက်ခွာခဲ့ကြောင်း ၎င်း၏ ဦးတည်ရာသို့ ကီလိုမီတာ ၉,၉၀၈ ခရီးနှင်ခဲ့ကြောင်း ကုန်စည်ပို့ဆောင်ရေးရထားသည် ၎င်း၏လမ်းကြောင်းတစ်လျှောက်တွင် သတ်မှတ်ထားသည့်အချိန် ဇယားအတိုင်း ဆောင်ရွက်နိုင်ပြီး မြို့များကြား သယ်ယူပို့ဆောင်ရေးအချိန်ကိုက်ရောက်ရှိခြင်းဖြင့် ဝန်ဆောင်မှုအရည်အသွေးကိုမြှင့်တင်ပေးကြောင်း သိရှိရပါသည်။

ပုံမှန် တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားများနှင့် နှိုင်းယှဉ်ပါက ဝန်ဆောင်မှုအသစ်တွင် ရထားတွဲများ၊ လမ်းကြောင်းများ၊ ဆိုင်းများနှင့် ကွဲပြားသောရထားလမ်းတိုင်းများရှိသည့် နိုင်ငံများတွင်အပါအဝင် ကဏ္ဍအားလုံးတွင် ပုံသေသတ်မှတ်ထားပါကြောင်း နယ်စပ်ဖြတ်ကျော်ခရီးတွင် ကွန်တိန်နာများ ပြန်လည်တင်ဆောင်ခြင်းလည်းပါဝင်ပါကြောင်း ဝန်ဆောင်မှုအသစ်သည် နယ်ခြားဘူတာရုံများနှင့် ကွန်တိန်နာများပြန်လည်တင်ခြင်း လုပ်ငန်းစဉ်အတွင်း စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေခြင်းဖြင့် လည်ပတ်ချိန်ကို ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်ပြီး သယ်ယူပို့ဆောင်ရေးအချိန်ကို ပိုမိုတည်ငြိမ်စေပါကြောင်း ယင်းသို့ဝန်ဆောင်မှုပေးသည့် ဒုတိယခရီးစဉ်သည် Xi'an မှ ထွက်ခွာပြီး (၂-၁၁-၂၂) ရက်နေ့ တွင် Duisburg သို့ ဦးတည်ခဲ့ကြောင်း ဝန်ဆောင်မှု၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်နှင့် ပိုမိုတည်ငြိမ်သော အချိန်ဇယားကိုပေးဆောင်ရန်၊ တရုတ်နှင့် ဂျာမနီအပါအဝင် နိုင်ငံခုနှစ်နိုင်ငံမှ မီးရထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများသည် သတ်မှတ်အချိန်ဇယားများကို စီမံခန့်ခွဲရန် ပေါင်းစပ်ညှိနှိုင်းမှု အစီအစဉ်တစ်ခုကိုရေးဆွဲခဲ့ကြကြောင်း China State Railway Group သည် ယခုနှစ်အစပိုင်းတွင် တရုတ်နှင့် ဥရောပအကြား လမ်းကြောင်းလေးခုတစ်လျှောက် အချိန်ဇယားများ စတင်ရေးဆွဲခဲ့ပါကြောင်း ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်၊ ပိုလန်နှင့် ဂျာမနီအပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများရှိ မီးရထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများနှင့် အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီးနောက်၊ Xi'an နှင့် Duisburg ကြားရှိ တရုတ်-ဥရောပ ကုန်တင်ရထားဝန်ဆောင်မှု၏ ပထမဆုံးသတ်မှတ်အချိန် ဇယားသည် အောက်တိုဘာလတွင် ပြီးစီးခဲ့ပါကြောင်း လမ်းကြောင်းတစ်လျှောက် စမ်းသပ်မှုများအား (၂၆-၁၀-၂၂) ရက်နေ့တွင်စတင်ခဲ့ပါကြောင်း ဝန်ဆောင်မှုပေးသူအနေဖြင့် China

Railway Container Transport Corp သည် တရုတ်-ဥရောပ ကုန်တင်ရထားများ ချောမွေ့စွာလည်ပတ်နိုင်စေရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

တရုတ်နိုင်ငံတွင် ၎င်းသည် ကွန်တိန်နာများနှင့် တင်ဆောင်မည့် အစီအစဉ်များကို ပံ့ပိုးပေးကာ ကုန်စည်ပို့ဆောင်ရေး အချက်အလက်များကို စစ်ဆေးပြီး အကောက်ခွန်ကိုင်တွယ်ရာတွင်ကူညီပေးပါကြောင်း ကုမ္ပဏီသည် Shaanxi နှင့် Gansu ပြည်နယ်များရှိ ဒေသဆိုင်ရာ မီးရထားအော်ပရေတာများအပြင် Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရထားများသည် တရုတ်နိုင်ငံတွင် သတ်မှတ်ထားသော အချိန်ဇယားအတိုင်း လိုက်နာကြောင်း သေချာစေရန်လည်း လုပ်ဆောင်ပါကြောင်း ရထားများ တရုတ်နိုင်ငံမှ ထွက်ခွာသည့်အခါ ကုမ္ပဏီသည် အချိန်နှင့်တပြေးညီ စောင့်ကြည့်စစ်ဆေးခြင်း real-time monitoring ဆောင်ရွက်ပြီး ဒေသတွင်း မီးရထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများကို သတင်းအချက်အလက်ပေးပါကြောင်း နောက်တစ်ဆင့်မှာ ချောမွေ့သောနိုင်ငံတကာ စက်မှုထောက်ပံ့ရေးကွင်းဆက်ကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်သည့် တရုတ်-ဥရောပ ကုန်တင်ရထားဝန်ဆောင်မှုများ၏ အရည်အသွေးမြှင့်တင်ရန် သတ်မှတ်အချိန်ဇယားများဖြင့် လမ်းကြောင်းများ ပိုမိုဖွံ့ဖြိုး တိုးတက်ရန်ဖြစ်ကြောင်း ကုမ္ပဏီမှပြောကြားခဲ့ပါသည်။

ရင်းမြစ် China-Europe freight train services improved - News - 云桥网英文 (yunnangate way.com)

Source: ဒေါက်တာဝေရီလင်း-စီးပွားရေးသံမှူး၊ ကူမင်းမြို့

## ကာတာနိုင်ငံသို့ အေးခဲပင်လယ်စာများတင်သွင်းမှု ယာယီရပ်ဆိုင်း

ကာတာနိုင်ငံ၊ အစားအသောက်ဘေးကင်းရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ ၁-၁၁-၂၀၂၂ ရက်မှစတင်၍ ကာတာနိုင်ငံသို့ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ နီပေါနှင့် အာဖဂန်နစ္စတန်နိုင်ငံများမှ အေးခဲပင်လယ်စာများတင်သွင်းခြင်းကို ယာယီရပ်ဆိုင်းထားသည်ဟု ဆော်ဒီအာရေဗျနိုင်ငံရှိ ကာတာသံရုံးမှတစ်ဆင့်အကြောင်းကြားလာပါသည်။ Fibrio Cholera ဘက်တီးရီးယားနှင့် အေးခဲ ရေထွက်ကုန်များ၏ ညစ်ညမ်းမှုအန္တရာယ်များကို လေ့လာစောင့်ကြည့်ပြီး ပြည်သူ့ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ကာတာနိုင်ငံသို့ လာရောက်မည့်ခရီးသွားများအား အေးခဲပင်လယ်စာများ သယ်ဆောင်ခြင်း၊ ချက်ပြုတ်ထားခြင်းမရှိသောပင်လယ်စာများ သယ်ဆောင်ဝင်ရောက်ခြင်းကို ၁၀-၁၁-၂၀၂၂ ရက်မှစ၍ ယခုနှစ်ကုန်ကာလအထိ တားမြစ်ထားပါသည်။ ၂၃-၉-၂၀၂၂ ရက်မှ ယနေ့အထိ အခြားပင်လယ်စာအမျိုးအစား တင်ပို့မှုများ အပြင် အေးခဲပုစွန်များတွင် တွေ့ရှိရသော Fibrio Cholera ဘက်တီးရီးယားကြောင့် ကာလဝမ်းရောဂါပြန့်ပွားမှုကာကွယ်ရန် အတွက် ဤစီမံကိန်းကိုလုပ်ဆောင်ရခြင်းဖြစ်ကြောင်းဖော်ပြထားပါသည်။

Source: လဲ့လဲ့နှင်း (MYANTRADE)

## ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ကြောင့် အရှေ့တောင်အာရှနိုင်ငံအချို့ ဒူးရင်းသီးတင်ပို့မှု မြန်ဆန်လွယ်ကူ

တရုတ်ပြည်မှ ဒူးရင်းသီး နှစ်သက်သူတို့အတွက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု Regional Comprehensive Economic Partnership RCEP ကြောင့် အရှေ့တောင်အာရှနိုင်ငံအချို့တို့ထံမှ ဒူးရင်းသီးများ တရုတ်ပြည်တွင်းဈေးကွက်ထဲသို့ လှိုင်လှိုင်ဝင်နေသည်။

တရုတ်ပြည်တွင်းဈေးကွက်ထဲသို့ ဒူးရင်းသီး အများဆုံးတင်ပို့နေသည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ဗီယက်နမ်နိုင်ငံဖြစ်သည်။ တတိယအများဆုံးမှာ မလေးရှားနိုင်ငံဖြစ်သည်။ စက်တင်ဘာလနှောင်းပိုင်းတွင် တရုတ်နိုင်ငံ တောင်ပိုင်း Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Youyiguan ဆိပ်ကမ်းသို့ လတ်ဆတ်သော ဗီယက်နမ်ဒူးရင်းသီး ၁၈ ဒသမ ၂၄ မက်ထရစ်တန် တစ်သုတ် ရောက်ရှိလာသည်။

“ဒါဟာ Youyiguan ဆိပ်ကမ်းကနေတစ်ဆင့် ဗီယက်နမ်ဒူးရင်းသီးတွေကို ပထမဆုံးအကြိမ် တင်ပို့တာဖြစ်ပါတယ်။ ဗီယက်နမ်မှ Youyiguan စစ်ဆေးရေးဂိတ်သို့ ဒူးရင်းသီးများကို ပို့ဆောင်ရန် အချိန် နှစ်နာရီသာကြာခဲ့ပါတယ်။ ဒါကြောင့် ဒူးရင်းသီးရဲ့လတ်ဆတ်မှုနဲ့ အရသာကို ပိုကောင်းအောင် ထိန်းသိမ်းထားနိုင်ပါတယ်" ဟု ၎င်းဒူးရင်းသီး တစ်သုတ်ကို တင်သွင်းသည့် တရုတ်နိုင်ငံမှ ဒူးရင်းသီး သွင်းကုန်လုပ်ငန်း YH Global ဒုဥက္ကဋ္ဌ Qin Jun က ပြောကြားသည်။

RCEP ကြောင့် တရုတ်ပြည်သို့ ဒူးရင်းသီးတင်သွင်းမှု ပိုများလာမည်ဖြစ်ပြီး ဈေးလည်းပိုချိုမည်ဖြစ်သည်။ ယခင်နှစ်တွင် တရုတ်နိုင်ငံသည် ဒူးရင်းသီး တန်ချိန် ၈၂၀,၀၀၀ တင်သွင်းခဲ့သည်။ တန်ဖိုးစုစုပေါင်း ကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ရှိသည်။ “တရုတ်မှာ လူဦးရေများတယ်။ ဒူးရင်းသီး ကြိုက်တဲ့သူတွေလည်းများတယ်။ ဒီတော့ အရှေ့တောင်အာရှ နိုင်ငံ တွေက တရုတ်ဈေးကွက်ကို အဓိကထားပြီး ပေးပို့တယ်။ သူတို့ရဲ့ ဒူးရင်းသီးတွေက အပူပိုင်းဒေသအသီးဆိုတော့ ထားသိုတာ

စနစ်ကျမှ လတ်ဆတ်မှုတည်တံ့တယ်။ ပို့ဆောင်တာ ပိုမိုမြန်ဆန်လေ ကောင်းလေပဲ" ဟု Song က ပြောကြားသည်။ "RCEP အကောင်အထည်ဖော်လိုက်လို့ ဒူးရင်းသီးတွေ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်ပိုသွက်သွားတယ်။ အခွန်လည်း လျော့ကျတယ်။ တရုတ်ပြည်ကို အသီးတွေ တင်သွင်းဖို့ အားပေးရာရောက်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

အရှေ့တောင်အာရှမှ ဒူးရင်းသီးများ တရုတ်ဈေးကွက်ထဲသို့ ယခုနှစ် ၂၀၂၂ ပထမ ၈ လတွင် တန်ချိန် ၃၈၀,၀၀၀ ဝန်းကျင် ရောက်ရှိခဲ့သည်။ တန်ဖိုးအားဖြင့် ယွမ် ၅ ဒသမ ၈၃ ဘီလီယံ (ကန်ဒေါ်လာ သန်း ၈၀၀) ရှိသည်။ ယခုအခါ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား အပါအဝင် နိုင်ငံ ၉ နိုင်ငံတို့မှ ဒူးရင်းသီး အပါအဝင် အသီး ၆၆ မျိုးက တရုတ်ပြည်သို့ RCEP အရ တင်သွင်းရန် အတည်ပြုပေးထားပြီးပြီ ဖြစ်သည်။

Sourcce .plantationsinternational

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5330-rcep.html

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းတွင် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ပထမဆုံး ထိပ်သီးအစည်းအဝေးကျင်းပခဲ့

Belt and Road Initiative (BRI) အရ ပထမအကြိမ် ထောက်ပံ့ရေး ကွင်းဆက် ထိပ်သီးအစည်းအဝေး Supply Chain Summit ကို ယူနန်ပြည်နယ် ကူမင်းတွင် (၂၀-၁၁-၂၂) ရက်နေ့တွင် ထောက်ပံ့ရေး ကွင်းဆက်များနှင့် စက်မှုကွင်းဆက်များကို ချောမွေ့စေရေး ပိုမိုကောင်းမွန်သော အပြန်အလှန် ချိတ်ဆက်မှုအတွက် ရည်ရွယ်၍ တရုတ်နိုင်ငံထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူရေးအသင်းချုပ်၊ China International Electronic Commerce Center နှင့် Yunnan ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနတို့ ပူးပေါင်း၍ ကမကထပြုကာ ဆဋ္ဌမအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၏ sideline forum အနေဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတကာလုပ်ငန်းအသီးသီးမှ ကျွမ်းကျင်သူများနှင့် လုပ်ငန်းနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူ ၄၀၀ ခန့်နှင့် ဆက်စပ်သော ပုဂ္ဂိုလ်ပေါင်း ၁၀၀၀၀ နီးပါး တက်ရောက်ခဲ့ကြကြောင်း ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသူများသည် BRI လက်အောက်ရှိ နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွင်းဆက် အရင်းအမြစ်များ မျှဝေခြင်းဆိုင်ရာ ခေါင်းစဉ်များ၊ ဒစ်ဂျစ်တယ် ထောက်ပံ့ရေးကွင်းဆက်နှင့် စက်မှုအင်တာနက်၊ တောင်နှင့် အရှေ့တောင်အာရှအတွက် နိုင်ငံတကာ ကုန်းမြေပင်လယ်ချန်နယ်နှင့် ထောက်ပံ့ရေး ကွင်းဆက်စနစ် တည်ဆောက်ရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Circulation Industry Development Department ၏ ဒုတိယအဆင့် စစ်ဆေးရေးအရာရှိ Zhang Bin က ယူနန်သည် အရှေ့တောင်အာရှနိုင်ငံများနှင့် တောင်များနှင့်မြစ်များ ချိတ်ဆက်ထားသောကြောင့် ပထဝီဝင်တည်နေရာတွင် ထူးခြားသော အားသာချက်ရှိကြောင်း Belt and Road Initiative လက်အောက်ရှိ ထောက်ပံ့ရေးကွင်းဆက်များ၏ ဆန်းသစ်တီထွင်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန်အတွက် ယူနန်ပြည်နယ်သည် ထောက်ပံ့ရေးကွင်းဆက်များနှင့် စက်မှုကွင်းဆက်များ၏ အပြန်အလှန် ချိတ်ဆက်မှုကိုအားကောင်းစေကာ ဆန်းသစ်တီထွင်မှုနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

ယူနန်ပြည်နယ်သည် ထောက်ပံ့ပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ အရင်းအနှီးနှင့် သတင်းအချက်အလက် စီးဆင်းမှုတို့ကို ပေါင်းစပ်ခြင်းဖြင့် အထွေထွေ ထောက်ပံ့ရေးကွင်းဆက်စနစ်ကို တည်ဆောက်ရန် စဉ်းစားနိုင်ပြီး ထိုစနစ်ကို အခြေခံ၍ စက်မှုအသွင်ကူးပြောင်းမှုနှင့် အဆင့်မြှင့်တင်မှုများကိုတွန်းအားပေးနိုင်သည်" ဟု တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူရေးအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ Cai Jin က ပြောကြားခဲ့သည်။

China International Economic Exchange Center ၏ သုတေသီ Zhang Yansheng က RCEP သည် ယူနန်ပြည်နယ်အတွက် အခွင့်အလမ်းသစ်များ ယူဆောင်လာမည်ဟု ယုံကြည်ကြောင်းနှင့် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဒစ်ဂျစ်တယ် တော်လှန်ရေးအသစ်များ၏ အခွင့်အလမ်းကို ဆုပ်ကိုင်ထားခြင်းဖြင့် ပြည်နယ်သည် ဒစ်ဂျစ်တယ်နည်းပညာများ၊ စိမ်းလန်းသောတိုးတက်မှုနှင့် သိပ္ပံဆိုင်ရာ ဆန်းသစ်တီထွင်မှုများဖြင့် မောင်းနှင်သော ပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်းနှင့် နယ်စပ်ဖြတ်ကျော် ကွန်ရက်ကို တည်ဆောက်သင့်ကြောင်းပြောပါသည်။

ယူနန်ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံနှင့် ကုန်း-ရေကြောင်းကြား သယ်ယူပို့ဆောင်ရေးအတွက် နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းကို နှစ်များအတွင်း တည်ဆောက်ရာတွင် တက်ကြွစွာ လုပ်ဆောင်ခဲ့ရာ ယင်းနှင့်ပတ်သက်၍ ကွမ်ရှီးအခြေစိုက် Beibu Gulf Port Group ၏ ဥက္ကဋ္ဌ Li Yanqiang က ဘက်စုံသယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယူနန်နှင့်လက်တွဲလုပ်ဆောင်ရန်မျှော်လင့်ကြောင်း၊ သို့မှသာ အဆိုပါ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများသည် ကုန်း-ပင်လယ်သစ်မှတစ်ဆင့် ယူနန်သို့ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အနောက်ဘက်လမ်းကြောင်း၊ Lao Yukun Mining Company ၏ ဥက္ကဋ္ဌ Xie Jinbao က တရုတ်-လာအို မီးရထားသည် လာအို

တွင်းထွက်ပစ္စည်းများကို ယူနန်ပြည်နယ်သို့ ပိုမိုလွယ်ကူစွာ ဝင်ရောက်နိုင်စေခဲ့ပြီး သယ်ယူပို့ဆောင်ချိန်နှင့် ကုန်ကျစရိတ် သိသိသာသာလျော့ကျသွားကြောင်း ပြောကြားခဲ့သည်။

BRI တည်ဆောက်မှု၏တိုးတက်မှုနှင့်အတူ သတ္တုတူးဖော်ရေးလုပ်ငန်းသည် လာအိုနှင့် တရုတ်ကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူချင်းဖလှယ်ရေးတွင် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း Belt and Road တစ်လျှောက်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ဓာတ်မြေဩဇာ၊ ထုတ်ကုန်များနှင့် ကုန်ပစ္စည်း အမြောက်အများရောင်းချသည့် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ရေးကွင်းဆက်များနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများဆွေးနွေးပြီးနောက် သဘော တူညီချက်များကို စုပေါင်းလက်မှတ်ရေးထိုးခဲ့ကြသည် ။

ရင်းမြစ် [1st BRI summit on supply chain held in Kunming - News - 云桥网英文 (yunnangateway.com)](yunnangateway.com)

Source: ဒေါက်တာဝေရီလင်း–စီးပွားရေးသံမှူး၊ ကူမင်းမြို့

## ရာသီဥတုပြောင်းလဲခြင်းအပေါ် တုန့်ပြန်ဆောင်ရွက်ရာတွင် မှန်ကန်သောကုန်သွယ်မှု မူဝါဒများရှိရန်လိုအပ်

ရာသီဥတုပြောင်းလဲမှုကို တုန့်ပြန်ရာတွင် မှန်ကန်သောကုန်သွယ်မှု မူဝါဒများရှိရန် လိုအပ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် NgoziOkonjo-Iweala က နိုဝင်ဘာလ ၇ ရက်နေ့တွင် Sharm El-Sheikh ၌ ကမ္ဘာ့ခေါင်းဆောင်များဖြင့် ကျင်းပသည့် COP27 ကာလအတွင်း အခမ်းအနားတစ်ခု၌ ပြောကြားခဲ့သည်။ ၎င်းအခမ်းအနားကို "ခေါင်းဆောင်တွေက ဘယ်အချိန်မှာ ဦးဆောင်မည်နည်း။ ရာသီဥတုနှင့် ကျန်းမာရေးအတွက် ဘဏ္ဍာငွေတိုက်ရိုက်ပေးခြင်းနှင့် စုစည်းခြင်းတို့ပြုလုပ်ရာ၌ နိုင်ငံတော်၏အခန်းကဏ္ဍ" ဟူသော ခေါင်းစဉ်ဖြင့် လန်ဒန်တက္ကသိုလ်က စကော့တလန်နှင့် ဘာဘေးဒိုးစ်အစိုးရတို့ပူးပေါင်း၍ စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် ဘာဘေးဒိုးစ်၏ ဝန်ကြီးချုပ် Mia Amor Mottley နှင့် စကော့တလန်နိုင်ငံ၏ဝန်ကြီး Nicola Sturgeon တို့မှ အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပါသည်။

ဘာဘေးဒိုးစ်၏ဝန်ကြီးချုပ် Mia Amor Mottley က အဖွင့်အမှာစကားပြောကြားရာ၌ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရာတွင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများက ပိုမိုပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံစုံဖွံ့ဖြိုးတိုးတက်ရေးဘဏ်များသည် ဆင်းရဲသောနိုင်ငံများ၏ ရာသီဥတုနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ကြိုးပမ်းမှုများနှင့် ရာသီဥတုဖောက်ပြန်မှု၏ အကျိုးသက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ၎င်းနိုင်ငံများထံ အရင်းအမြစ်များရရှိနိုင်စေရေး ခွင့်ပြုပေးမည့်အထောက်အကူအသစ်များ လိုအပ်ကြောင်းထည့်သွင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Okonjo-Iweala က COVID-19 ကပ်ရောဂါကာလအတွင်း ဆောင်ရွက်ခဲ့ကြသည့် ပို့ကုန်ကန့်သတ်ချက်များ၊ ကာကွယ်ဆေးတားမြစ်ချက်များနှင့် အလိုအပ်ဆုံး အခြားသွင်းအားစုများကို နိုင်ငံများထံရောက်ရှိစေမှုများကဲ့သို့သော ကုန်သွယ်ရေးမူဝါဒအချို့၏ အတွေ့အကြုံများအပေါ်လေ့လာ၍ သင်ခန်းစာယူသင့်ကြောင်း သတိပေးခဲ့ပါသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုအခြေအနေတွင်၊ ကုန်သွယ်ရေးမူဝါဒများသည် အဖြစ်အပျက်တစ်ခု မဖြစ်ပွားမီ လျော့ပါး သက်သာစေရေး ကြိုတင်ဆောင်ရွက်နိုင်ရန် သို့မဟုတ် အဖြစ်အပျက်တစ်ခုဖြစ်ပွားပြီးနောက် နိုင်ငံများကိုကူညီရန် နည်းပညာ သို့မဟုတ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပိတ်ဆို့ခြင်းမှ လမ်းဖွင့်ပေးသည့် ကုန်သွယ်ရေးမူဝါဒများက ကူညီပေးနိုင်ကြောင်း၊ နိုင်ငံအဆင့်စီမံဆောင်ရွက်မှုများမှာ မကြာခဏဆိုသလို ကုန်သွယ်မှုမူဝါဒနှင့်ကုန်သွယ်မှုတွင် ပေါင်းစပ်မှုမရှိသည့်အတွက် "ပျောက်ဆုံးနေသောအစိတ်အပိုင်း" ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် Okonjo-Iweala မှ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ကာဗွန်နည်းသော စီးပွားရေးသို့အသွင်ကူးပြောင်းရန် နိုင်ငံများ၏ထုတ်ကုန်များကို ကမ္ဘာလုံးဆိုင်ရာကုန်ထုတ်လုပ်မှုကွင်းဆက်များ လိုအပ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့ပြီး၊ အထူးသဖြင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စီးပွားရေးအသွင်ကွဲပြားစေရန်၊ ထိုနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သည့် ထုတ်ကုန်များကို ရွှေ့ပြောင်းထုတ်လုပ်နိုင်ရန်နှင့် ၎င်းတို့ကို ကမ္ဘာ့တန်ဖိုး ကွင်းဆက်များအတွင်း သယ်ဆောင်လာရန် လုပ်ငန်းများလုပ်ဆောင်နိုင်ပုံကို အသားပေးပြောကြားခဲ့ပါသည်။ ထိုသို့ ဆောင်ရွက် နိုင်ပါက ကမ္ဘာကြီးအတွက်ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားနိုင်သကဲ့သို့ တစ်ချိန်တည်းတွင် ထွက်ခွာသွားသူများကိုပါ ထည့်သွင်းဆောင်ရွက်နိုင်မည်ဖြစ်ရာ ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင်ကိုပစ်နိုင်မည့် အခြေအနေဖြစ်ကြောင်း ရှင်းလင်းပြောကြား ခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ချမှတ်ထားသော ကုန်သွယ်မှုမူဝါဒများမှာ ခွဲခြားဆက်ဆံမှု မရှိသင့်ကြောင်း၊ ကမ္ဘာပေါ်တွင် ကာဗွန်ဈေးနှုန်းသတ်မှတ်ခြင်းအတွက် အပိုင်းပိုင်းခွဲထားသော စနစ်ပေါင်း ၇၀ ခန့်ရှိနေကြောင်း၊ မတူညီသောနိုင်ငံများတွင် ကာဗွန်အခွန်အခများ၊ ဈေးနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များ ကွဲပြားနေကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ဆက်ဆံရမည့် စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သက်ရောက်မှုရှိလိမ့်မည်ဖြစ်ကြောင်း၊

ပဲရစ်သဘောတူညီချက်အရ သဘောတူထားသည့်အတိုင်း ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီအထိ ကန့်သတ်ထားလိုသည့်ရည်မှန်းချက်ကို ထည့်သွင်းစဉ်းစားမည့် ကမ္ဘာလုံးဆိုင်ရာ ဈေးနှုန်းမူဘောင်တစ်ရပ်အောက်တွင် WTO မှ ဆော်ဩနေကြောင်း ညွှန်ကြားရေးမှူးချုပ်ကပြောကြားခဲ့ပါသည်။

စကော့တလန်၏ဝန်ကြီး Nicola Sturgeon က နိုင်ငံစုံဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို စဉ်းစားပြီး ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကတိကဝတ်များကို စဉ်းစားရန်လိုအပ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာများကို ဖြေရှင်းနိုင်ရေးကူညီရာတွင် ကုမ္ပဏီများဘက်မှ မည်သို့ပါဝင်ဆောင်ရွက်ပေးနိုင်သည်ကို စဉ်းစားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်ဟုသိရပါသည်။ အီဂျစ်နိုင်ငံမှစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး MsHala El Said ကလည်း ယခု အစည်းအဝေး၌ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: https://www.wto.org/english/news_e/news22_e/cop27_08nov22_e.htm

Source: https://www.commerce.gov.mm/

## ပြောင်းဆန်ကို တရုတ်အပြင် ထိုင်းနှင့်ဖိလစ်ပိုင်ဘက်ကပါ ဝယ်ယူနေ၍ဈေးဆက်တိုက်တက်နေ

တရုတ်ဝယ်ယူမှုအပြင် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဘက်ကလည်း ဝယ်ယူမှုတွေရှိနေလို့ ပြောင်းဆန်ဈေးက ဆက်တိုက်ဈေးမြင့်တက်နေတယ်လို့ စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာတဲ့ သတင်းအရ သိရပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဝယ်လက်တွေဘက်ကလည်း လက်ရှိမှာ အဝယ်သွက်နေတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်အတွင်း ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်ဈေးဟာ တစ်ပိဿာကို ကျပ် ၁၁၆၀ ကနေ ကျပ် ၁၁၈၀ ကြား ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀ ကျပ်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ကျပ် ၆၀၀၀၀ ကနေ ကျပ် ၆၀၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေးမြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။ အခြားပြောင်းတွေအနေနဲ့ ပြောင်း(ဗမာ)က တစ်အိတ်ကို ၅၉၀၀၀ ကျပ်၊ ရှမ်းက တစ်အိတ်ကို ကျပ် ၆၀၀၀၀ ကနေ ၆၀၅၀၀ ကျပ်၊ အထွက်တိုးပြောင်းနီက တစ်အိတ်ကို ၅၈၅၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ကနေ ၁၅၀၀ ကြား ဈေးတွေ တက်လာတာ ဖြစ်တယ်လို့ သိရပါတယ်။

ပဲတီစိမ်းတင်ပို့မှုအနေနဲ့ကတော့ တရုတ်နယ်စပ်က ခဏခဏပိတ်နေတဲ့အတွက် တင်ပို့မှုလျော့နည်းနေပြီး ဈေးကောင်းလည်းမရဘူးလို့သိရကြောင်း AMIA က ပေးပို့လာတဲ့သတင်းအရ သိရပါတယ်။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ သတင်းတစ်ပုဒ်အရ ပဲတီစိမ်းကို လာမယ့် ၂၀၂၃ မှာ ဥရောပကို တင်ပို့မယ်လို့ သိရကြောင်းနဲ့ ယခင်နှစ်တွေကလည်း တင်ပို့မှုတွေ ပြုလုပ်ပေမယ့် အရည်အသွေးပိုင်းဆိုင်ရာ အဓိကထားတဲ့အတွက် အများကြီးတင်ပို့နိုင်မှုတော့ မပြုလုပ်နိုင်ခဲ့ဘူးလို့ AMIA ထံမှသိရပါသည်။ Source: https://greenwaymyanmar.com/posts/Maize_Export

## တူရကီ ဥဇဘက်ကစ္စတန် တရုတ် ဗဟိုဘဏ်များ ရွှေအဝယ် ဆက်လက်များနေဆဲ

ဗဟိုဘဏ်များ၏ ရွှေဝယ်ယူမှုများတွင် ဥဇဘက်ကစ္စတန်နှင့် တူရကီတို့၏ ဗဟိုဘဏ်များသည် ဦးဆောင်နေဆဲဖြစ်သည်။ အကြီးတန်း ဥရောပနှင့်အရှေ့အလယ်ပိုင်းဈေးကွက် လေ့လာဆန်းစစ်သူ Krishan Gopaul က ဥဇဘက်ကစ္စတန်သည် အောက်တိုဘာလတွင် ရွှေ ၈ ဒသမ ၇ တန်ကို ဝယ်ယူခဲ့ကြောင်း မှတ်တမ်းများအရ သိရကြောင်း၊ ထိုပမာဏဖြင့် လစဉ်ဝယ်ယူနေသည်မှာ ၅ လ ဆက်တိုက်ရှိပြီဖြစ်ကြောင်း ပြောကြားသည်။ "ယခုနှစ်မှာ ရွှေဝယ်ယူတဲ့ ပမာဏ ၃၇ တန် ရှိသွားပါပြီ။ စုစုပေါင်း အရန်ရွှေ ထားရှိတဲ့ပမာဏက ၃၉၉ တန် ရှိနေပါပြီ" ဟု သူက ပြောသည်။

တူရကီဗဟိုဘဏ်က ရွှေ ၉ တန်ကို အောက်တိုဘာလတွင် ဝယ်ယူခဲ့သည်။ "ယခုနှစ်မှာ ရွှေဝယ်ယူတဲ့ ပမာဏ ၁၉၃ တန် ရှိသွားပါပြီ။ တရားဝင် ထုတ်ပြန်ချက်အရ အရန်ရွှေ စုစုပေါင်း ၄၉၈ တန် ရှိပါတယ်"ဟု သူကပြောသည်။ ဗဟိုဘဏ်များသည် ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ရွှေတန်ချိန် ၄၀၀ နီးပါး စံချိန်တင်ဝယ်ယူခဲ့ကြကြောင်း ကမ္ဘာ့ရွှေကောင်စီ World Gold Council WGC က ထုတ်ပြန်ကြေညာသည်။ တရားဝင်အသိပေးခြင်းမရှိသော ဝယ်ယူမှုများ လည်းရှိနေသည်ဟု WGC ကပြောကြားသည်။ လူသိမခံဘဲဝယ်ယူသူများတွင် တရုတ်နိုင်ငံပါဝင်သည်။ WGC ဂျပန်ဒါရိုက်တာဟောင်း ဈေးကွက်ဆန်းစစ်သူ Itsuo Toshima က "တရုတ်ဝယ်တဲ့ ရွှေတွေက ရုရှားထံမှ ဝယ်နေတာဖြစ်ဖို့များတယ်" ဟု ပြောကြားသည်။

တရုတ်ဗဟိုဘဏ်ဖြစ်သည့် People's Bank of China သည် ၂၀၀၉ မှ ၂၀၁၅ အထိ ရွှေဝယ်ယူကြောင်း ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ချေ။ ထို့နောက် အရန်ရွှေ တန် ၆၀၀ ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Toshima က ပြောကြားသည်။ ၂၀၁၉ မှ စ၍ ရွှေဝယ်ယူကြောင်း တရုတ် ဗဟိုဘဏ်က ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိသေးချေ။ Source kitco.com

Source: https://www.industrialdirectory.com.mm/article/central-bank-purchase-gold.html

# ပြည်တွင်းကုန်သွယ်မှုသတင်း

## စပါးနှင့် ပဲတီစိမ်းစိုက်တောင်သူများကို ငွေမချေးဘဲ မြေသြဇာနှင့် ပိုးသတ်ဆေးရရှိရေးဆောင်ရွက်ပေးပြီး မြေသြဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့်ပဲတီစိမ်းများကို ပေါက်ဈေးဖြင့် ပြန်လည်ရောင်းချ ပေးချေရမည်

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများအတွက် လိုအပ်လျက်ရှိသည့် သွင်းအားစုများကို တစ်ရာခိုင်နှုန်း ဝန်ဆောင်မှုစရိတ်ဖြင့် ငွေမချေးဘဲ မြေသြဇာနှင့်ပိုးသတ်ဆေးရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြေသြဇာတန်ဖိုးနှင့် ညီမျှသော စပါးနှင့်ပဲတီစိမ်းများအား တောင်သူများက ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးလှမိုးက ပြောကြားခဲ့သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် နိုဝင်ဘာ ၂၁ ရက်က တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းစစ်ဆေးပြီး ဆွေးနွေးမှုများ ပြုလုပ်စဉ် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း အပါအဝင် မြေသြဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချ ပေးဆပ်ခြင်း၊ တောင်သူများ၏ လက်ဝယ်သို့ သွင်းအားစုများ သတ်မှတ်ချိန်မီအတွင်း အချိန်မီရောက်ရှိ အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့များက ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ဝန်ဆောင်ခ တစ်ရာခိုင်နှုန်းငွေများအား မပျောက်ပျက်၊ မဆုံးရှုံးအောင် စီမံဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဌာနများအနေဖြင့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီပြီး ဈေးနှုန်းသက်သာသည့် သွင်းအားစုများ စိုက်ပျိုးချိန်အမီ ရောက်ရှိစေရေး အစုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ထွက်ရှိလာသည့် စပါးနှင့် ပဲတီစိမ်းများ ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရောင်းချနိုင်ရေး စပါးနှင့် ပဲတီစိမ်း ဝယ်ယူမည့် အစုအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးမှုမရှိအောင် ကြီးကြပ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေး မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

Source: https://news-eleven.com/article/240801

## ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးမြောက်နိုင်ရေးဆောင်ရွက်နေ

ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ပြီးမြောက်နိုင်ရေး ဆောင်ရွက်နေကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

အဆိုပါ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်က စတင်အကောင်အထည်ဖော် တည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို Powerchina Resources Ltd (Powerchina Group) နှင့် မြန်မာတိုင်းရင်းသားပိုင် နည်းပညာဦးဆောင်မှုကုမ္ပဏီရှယ်ယာများ ထည့်ဝင်လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ လက်ရှိအချိန်ထိ နိုင်ငံခြားသားအင်ဂျင်နီယာဦးရေ ၂၀၀ ကျော်၊ မြန်မာ နိုင်ငံသားအင်ဂျင်နီယာနှင့် အခြားဝန်ထမ်းဦးရေ ၃၀၀ ကျော်ဖြင့်နေ့ဆိုင်း၊ ညဆိုင်းခွဲကာ အရှိန်အဟုန်ဖြင့် လုပ်ကိုင်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတွင် ဂျာမနီနိုင်ငံက ထုတ်လုပ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတပ်ဆင်အသုံးပြုမည့် စွမ်းအားအမြင့်ဆုံးနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အသက်သာဆုံး တာဘိုင် စက်များကို ယခုနှစ် အောက်တိုဘာ ၁၀ ရက်က တပ်ဆင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၂၃ ခုနှစ်၊ မေလတွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးကာ စီးပွားဖြစ်လည်ပတ်ဆောင်ရွက်နိုင်ရန် လျာထားဆောင်ရွက်ခဲ့သော်လည်း လက်ရှိဆောင်ရွက်ပြီးစီးမှု အခြေအနေများအရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြီးစီး နိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက နိုင်ငံတော်ဓာတ်အားစနစ်တွင် ဓာတ်အား ပိုမိုထွက်ရှိလာမည်ဖြစ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နှင့် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပိုမိုဖြန့်ဖြူး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

Source: ရတနာပုံသတင်းစာ

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပပြုလုပ်မည်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

အဆိုပါပြပွဲပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်မှ ၈ ရက်ထိ ရန်ကုန်မြို့ကန်တော်ကြီးသဘာဝဥယျာဉ်၊ မဟာမြိုင်ကျွန်း၊ ဆင်ဖြူတော်ရုပ်တုများအနီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ရေးအတွက် ပြပွဲပြိုင်ပွဲကျင်းပရေးအတွက် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ၊ အကဲဖြတ်နှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်း ကော်မတီစသည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေပြီး ပန်းဝါသနာများအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပြိုင်ပွဲဝင်မည့် အသင်းများအား အသိပေးဖိတ်ခေါ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များ ပိုမိုစုံလင်စွာပြိုင်ပွဲဝင်ရောက်ပြသနိုင်ရေး၊ ပိုမိုပြည့်စုံစွာ ခင်းကျင်းပြသနိုင်ရေး၊ ပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီနှင့် စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်စိုက်ပျိုးရေးလုပ်ငန်းများကို အများပြည်သူ စိတ်ဝင်စားမှု ဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားဖြန့်ဝေ ဆောင်ရွက်ပေးနိုင်ရန်၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်စိုက်ပျိုးထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်နေခြင်း ဖြစ်ကြောင်းသိရသည်။ Source: ရတနာပုံသတင်းစာ

# ပြည်ပကုန်သွယ်မှုသတင်း

## နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်ရငွေကို ဒေါ်လာအပြင် ယွမ်/ဘတ်တို့ဖြင့် ပေးချေခွင့်ပြုပြီး အဆိုပါပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်ပေါက်ဈေးဖြင့် တစ်ရက်အတွင်း ကျပ်ငွေဖြင့် လဲလှယ်ရန် ဗဟိုဘဏ်ထုတ်ပြန်

နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်ရငွေကို ဒေါ်လာအပြင် ယွမ်/ဘတ်တို့ဖြင့် ပေးချေခွင့်ပြုပြီး အဆိုပါ ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်ပေါက်ဈေးဖြင့် တစ်ရက်အတွင်း ကျပ်ငွေဖြင့်လဲလှယ်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ (FESC) အစည်းအဝေးမှတ်စဉ် (၆၆/၂၀၂၂) ဆုံးဖြတ်ချက်အပိုဒ် ၁ (ဌ) တွင် "ပြည်ပသို့ နယ်စပ်မှတင်ပို့သည့် အောက်ပါပစ္စည်းများ၏ ပို့ကုန်ရငွေနှင့်စပ်လျဉ်း၍ အဆိုပါရငွေသည် ဒေါ်လာနှင့်ပေးချေရန် ခက်ခဲနေသည့်ကုန်ပစ္စည်းများအတွက်ဖြစ်ပါက ယွမ်နှင့်ဖြစ်စေ၊ ဘတ်နှင့်ဖြစ်စေ၊ ပေးချေရန်နှင့် အဆိုပါပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းအား ဒေါ်လာဖြင့်တွက်ချက်၍ ညီမျှသောပမာဏကို ဗဟိုဘဏ်၏ သတ်မှတ်ဈေးနှုန်းဖြင့် အလုပ်လုပ်ရက် တစ်ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဝယ်ယူရန်နှင့် ကျန် ၃၅ ရာခိုင်နှုန်းကို ပို့ကုန်တင်ပို့သူအနေဖြင့် ရက် ၃၀ အတွင်း မိမိကိုယ်တိုင်အတွက် လွတ်လပ်စွာသုံးစွဲခြင်း၊ အခြားသူသို့ လွှဲပြောင်းခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းကို ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းကုန်စည်များမှာ ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ)၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း)၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်း၊ ငါးမျိုးစုံ(ပုစွန်၊ ကဏန်း၊ ငါးရှဉ့်)၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း (ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်၊ ကျွဲသားရေ၊ နွားသားရေ၊ ဆိတ်သားရေ၊ အေးခဲသားနှင့်အသားခြောက်)တို့ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ပြည်ပသို့ နယ်စပ်မှ တင်ပို့သည့် ပစ္စည်းများအတွက် တရုတ်ယွမ်၊ ထိုင်းဘတ်နှင့်ရရှိသည့် ပို့ကုန်ရငွေများအနက် ၃၅ ရာခိုင်နှုန်းမှာ လွတ်လပ်စွာရောင်းချနိုင်ပြီး ၆၅ ရာခိုင်နှုန်းကို USD convert ပြုလုပ်ပြီး FESC သို့ တင်ပြရန်၊ ၆၅ ရာခိုင်နှုန်းအတွက် တရုတ်ယွမ်နှင့်ထိုင်းဘတ်ကို ကျပ်ငွေပြောင်းလဲရာတွင် ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့် တင်ပို့သူအား ပေးချေရန်ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ FESC ၏အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရ ဘဏ်များအနေဖြင့် နယ်စပ်တွင် အထက်ပါကုန်စည်များအား တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ညွှန်ကြားထားကြောင်း သိရှိရပါသည်။

ပို့ကုန်လုပ်ငန်းရှင်များ၏ ပို့ကုန်တင်ပို့ခြင်းမှ တရုတ်ယွမ်၊ ထိုင်းဘတ်နှင့်ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအား အလုပ်လုပ်ရက်တစ်ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် website တွင် နေ့စဉ်ထုတ်ပြန်သည့် နိုင်ငံခြားငွေအမျိုးအစားအလိုက် ငွေလဲလှယ်နှုန်းဖြင့် ဝယ်ယူရန်၊ ဝယ်ယူထားသည့် တရုတ်ယွမ်၊ ထိုင်းဘတ် တို့အား ဒေါ်လာနှင့် တန်ဖိုးသင့်၍ ဘဏ်မှ ရောင်းချနိုင်သည့်ပမာဏအဖြစ် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီသို့ တင်ပြရန်၊ ပို့ကုန်ရငွေ၏ ၃၅ ရာခိုင်နှုန်းအား ပို့ကုန်တင်ပို့သူကိုယ်တိုင်အတွက်သုံးစွဲခြင်း၊ AD လိုင်စင်ရ ဘဏ်မဟုတ်သော အခြားသူများထံသို့ ရောင်းချခြင်း၊ AD လိုင်စင်ရဘဏ်သို့ ရောင်းချခြင်းစသည့် Transaction များကို ဆောင်ရွက်ပေးရန်၊ ပို့ကုန်တင်ပို့သူများထံမှ ပို့ကုန်ရငွေ ဝယ်ယူထားသည့်ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် ၎င်းတို့ဝယ်ယူထားသည့် ပို့ကုန်ရငွေကို မိမိကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ပြန်လည်ရောင်းချခြင်းတို့အား ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးနှင့် ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးအစီအစဉ်အောက်မှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားငွေဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသို့ မပျက်မကွက် သတင်းပို့ရန်ဖြစ်သည်။ အဆိုပါညွှန်ကြားချက်အား ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှစတင်၍ လိုက်နာဆောင်ရွက်ကြရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ညွှန်ကြားထားကြောင်း သိရှိရသည်။ Source: https://news-eleven.com/article/240798

## မြန်မာ့ကော်ဖီများ ထိုင်းနိုင်ငံက ဝယ်ယူမှုမြင့်တက်နေခြင်းကြောင့် ဈေးကောင်းရရှိနေ

ယခုနှစ် ကော်ဖီရာသီအစတွင် ထိုင်းနိုင်ငံက ကော်ဖီဝယ်ယူမှု မြင့်တက်နေခြင်းကြောင့် မြန်မာ့ကော်ဖီများဈေးကောင်း ရရှိနေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း (ရှမ်းပြည်နယ်) ဗဟိုအလုပ်အမှုဆောင်ထံမှ သိရသည်။ ယခုနှစ် ကော်ဖီရာသီအစ တွင် ထိုင်းဝယ်လက်များ ကော်ဖီစိုက်ခင်းများအရောက် ကွင်းဆင်းဝယ်ယူနေခြင်းကြောင့် ယခင်နှစ်ထက် ကော်ဖီဈေးနှုန်း သုံးဆခန့်ထိတက်ကာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ “ပြီးခဲ့တဲ့နှစ်က ကော်ဖီစေ့ တစ်ပိဿာကို ကျပ် ၈၀၀ လောက်သာရရှိခဲ့ပေမယ့် အခုနှစ် ကော်ဖီစတင်ထွက်ရှိချိန် ကော်ဖီစေ့ တစ်ပိဿာကို ကျပ် ၂၅၀၀ ကျော်ထိ ဈေးကောင်းရနေပါတယ်။

ပြည်တွင်းမှာ ကော်ဖီကို နိုဝင်ဘာလမှ မတ်လထိ ခူးဆွတ်လေ့ရှိပြီး အခုနှစ် နိုင်ဝင်ဘာလ ကော်ဖီရာသီအစမှာ ထိုင်းဝယ်လက်တွေက စိုက်ခင်းအရောက် ကွင်းဆင်းဝယ်ယူကြတာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံကော်ဖီအသင်း (ရှမ်းပြည်နယ်)မှ ဗဟိုအလုပ်အမှုဆောင်က ပြောပြသည်။ ဈေးကွက်ဝင် မြန်မာ့ကော်ဖီများကို ပြည်ပသို့ ကော်ဖီတင်ပို့ရောင်းချသည့် ကာလမှာ နှစ်ကုန်ပိုင်းထိဖြစ်ပြီး မြန်မာ့ကော်ဖီတင်ပို့မှုမှာ နှစ်စဉ်တန်ချိန် ၄၀၀ ခန့်ရှိကာ ၂၀၁၉ ခုနှစ်က တန်ချိန် ၅၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိပြည်တွင်း ကော်ဖီဈေးကွက်တွင် ရွာငံ၊ ပင်လောင်း၊ ဟိုပုန်း၊ မိုးကုတ်နှင့် ပြင်ဦးလွင်ဒေသထွက် အထူးတန်းဝင် မြန်မာ့ကော်ဖီများကို ယခင်နှစ်များထက် ထိုင်းဝယ်လက်များက ပိုမိုစိတ်ဝင်စားလာကြောင်းသိရသည်။ ကော်ဖီကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။ Source: YDNP

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5350-burmese-coffees-are-fetching-good-prices-due-to-increasing-purchases-from-thailand.html

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China– GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉) တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင် ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့်ကုန်စည်အမျိုးအစား (၄) ခုဖြစ်သည့် အသားနှင့် အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား (၁၄) ခုဖြစ်သည့် အစာသွပ်ရန်အသုံးပြုသည့် အပေါ်ခွံအစွပ်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ဥနှင့်ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သော အစေ့အဆံများ၊ ကြိတ်ခွဲသီးနှံ ထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ရေခဲတ်ထုတ်ထားသော ဟင်းသီး ဟင်းရွက်များနှင့် ပဲခြောက်များ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့်အစေ့အဆံ များ၊ သစ်သီးခြောက်များ၊ မလှော်ထားသောကော်ဖီနှင့် ကိုကိုးစေ့များ၊ အထူးအာဟာရအစားအသောက်များ၊ ကျန်းမာရေး ဖြည့်စွက်စာများ စုစုပေါင်း ကုန်စည်အမျိုးအစား (၁၈) အုပ်စုတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့ဖြစ်ကြပါသည်။ အဆိုပါကုန်စည် အမျိုးအစား (၁၈) အုပ်စု၌ ပါဝင်ခြင်းမရှိသည့်ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်း တစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက် လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ကုမ္ပဏီ/ စက်ရုံ (၁၁၆၄) ခုမှ ပေးပို့ ထားသည့် စောင်ရေစုစုပေါင်း (၂၁၂၀) စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၀၂၅) ခု၊ စောင်ရေ (၁၉၈၁)စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/ စက်ရုံ (၁၁၈)ခု၊ စောင်ရေ (၁၁၈) စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၂) ခု၊ စောင်ရေ (၁၂) စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မှ ကုမ္ပဏီ (၉) ခု၊ စောင်ရေ (၉) စောင်ဖြစ်ပါသည်။

အဆိုပါမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ အပါအဝင်ကုန်စည်များအား တရားဝင်တင်သွင်းနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC) မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ် https://ciferquery.singlewindow.cn/ ၌ ဖော်ပြထားပါသည်။

Source: အေးသီးရီမွန်–Myantrade

## အထူးဆောင်းပါး

### တရုတ်-မြန်မာ ကုန်သွယ်မှုကိုကျော်တက်ပြီး အဓိကကုန်သွယ်ဖက်ဖြစ်လာသည့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ နိုဝင်ဘာလလယ်အထိ ခုနှစ်လခွဲအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၁၀၄၂၇ ဒသမ ၂၆ရသန်း (၁၀ ဒသမ ၄၂၇ ဘီလျံကျော်)၊ သွင်းကုန်တင်သွင်းမှုမှ ဒေါ်လာ ၁၁၀၄၀ ဒသမ ၉၄၈ သန်း (၁၁ ဒသမ ၀၄၀ ဘီလျံကျော်)ရရှိပြီး ပြည်ပကုန်သွယ်မှုဒေါ်လာ ၂၁၄၆၈ ဒသမ ၂၁၅ သန်း (၂၁ ဒသမ ၄၆၈ ဘီလျံကျော်) ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ယင်းအနက် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၁၆၅၃၃ ဒသမ ၂၀၅ သန်း နှင့် နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၄၉၃၅ ဒသမ ၀၁၀ သန်းပါဝင်ခဲ့သည်။

မြန်မာနိုင်ငံ၏နယ်စပ်ကုန်သွယ်ရေး အခြေအနေကို လေ့လာကြည့်ပါက ယခင်က တရုတ်နယ်စပ်ရှိ မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှာ နယ်စပ်ကုန်သွယ်မှု အများဆုံး ပြုလုပ်နေသည့် စခန်းတစ်ခုဖြစ် သည်။ မူဆယ်၊ လွယ်ဂျယ်၊ ကန်ပိုက်တီး၊ ချင်းရွှေဟော် စသည်ဖြင့် နယ်စပ်စခန်းလေးခုမှ ကုန်သွယ်မှုဖြင့် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုမှာ အများဆုံးဖြစ်ခဲ့သည်။ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခုနှစ်လခွဲအတွင်းတွင်မူ မြန်မာ-တရုတ်နယ်စပ်စခန်းများ၏ ကုန်သွယ်မှုပမာဏကို ကျော်လွန် ကာ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုမှာ အများဆုံးဖြစ်လာခဲ့သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လက်ရှိ ဘဏ္ဍာနှစ် ခုနှစ်လအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၁၅၇၅ ဒသမ ၈၅၃ သန်းရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၅၁ ဒသမ ၀၁၅ သန်းလျော့ကျခဲ့သည်။ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု ပမာဏ ဒေါ်လာ၃၂၃၉ ဒသမ ၇၈၉ သန်းရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ၂၉၅ ဒသမ ၉၃၂ သန်း ပိုမိုရရှိခဲ့သည်။ မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှု ခုနှစ်လခွဲအတွင်း ဒေါ်လာ ၁၈ ဒသမ ၄၂၅ သန်းရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ် လာ

၄ ဒသမ ၀၂၈ သန်းရရှိခဲ့ သည်။ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုအနေဖြင့် ခုနှစ်လခွဲအတွင်း ဒေါ်လာ ၁၀ ဒသမ ၈၈၀ သန်း ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၃ ဒသမ ၂၁၃ သန်း လျော့ကျခဲ့သည်။

**မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုအခြေအနေ**

မြန်မာ-တရုတ်နယ်စပ်တွင် မူဆယ်နယ်စပ်၊ လွယ်ဂျယ်နယ်စပ်၊ ကန်ပိုက်တီးနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေး စခန်းတို့ဖြင့်ကုန်သွယ်မှုပြုလုပ်နေပြီး မူဆယ်နယ်စပ်မှာအကြီးဆုံးနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေး စခန်းအသီးသီး၏ ကုန်သွယ်မှုအခြေအနေအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ နိုဝင်ဘာ ၁၈ ရက်အထိ မူဆယ်နယ်စပ်တွင် ပို့ကုန်ဒေါ်လာ ၁၁၅၆ ဒသမ ၂၄၀ သန်း၊ သွင်းကုန်ဒေါ်လာ ၁၆၁ ဒသမ ၀၀၁ သန်းဖြင့် ကုန်သွယ်မှု ဒေါ်လာ ၁၃၁၇ ဒသမ ၂၄၁ သန်းရရှိခဲ့ကာ ယခင်နှစ်ကာလတူထက် နယ်စပ်ကုန်သွယ်မှုဒေါ်လာ ၇၂ ဒသမ ၁၇၃ သန်းလျော့ကျနေသည်။ ယခင်နှစ် ကာလတူထက် အဓိကအားဖြင့် ပို့ကုန်တင်ပို့မှုတွင် ဒေါ်လာ ၃၈ သန်းနီးပါး ပိုမိုတင်ပို့နိုင်ခဲ့ သော်လည်း သွင်းကုန်ပိုင်းတွင် ဒေါ်လာ သန်း ၁၁၀ ကျော်လျော့ကျခဲ့ခြင်းဖြစ်သည်။ ကန်ပိုက်တီးကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သော တစ်ရှူး ငှက်ပျောတင်ပို့မှုတွင် နိုဝင်ဘာလ ပထမပတ်အတွင်း တန်ချိန် ၁၉၀၀၊ ယာဉ်စီးရေ ၇၆ စီး အမှန်တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပြီး အောက်တိုဘာလတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ငှက်ပျောတင်ပို့မှု ပိုမိုလာကြောင်း ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ သိရသည်။ ငှက်ပျောစိုက်ပျိုးသော ကုမ္ပဏီများထံ မေးမြန်းစုံစမ်းမှုအရ နိုဝင်ဘာလမှစ၍ တစ်ရှူးငှက်ပျောထွက်ရှိသည့်ကာလသို့ ရောက်ရှိ လာပြီဖြစ်သောကြောင့် လာမည့်ကာလများတွင် တစ်ရှူးငှက်ပျောတင်ပို့မှု ပိုမိုများပြားလာနိုင်ကြောင်း သိရှိရသည်။

ကန်ပိုက်တီးကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလ ဒုတိယပတ်အတွင်း လုပ်ငန်း ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁ ဒသမ ၅၇၅ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၃၀၆ ဒေါ်လာ သန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၈၈၁ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခုတစ်ပတ်အတွင်း ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်ရှူးငှက်ပျော ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံခြင်း ကွန်တိန်နာများ၊ အင်ဂျင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးသုံးပစ္စည်း များ၊ ဝါယာကြိုးများ၊ ပလတ်စတစ် ကုန်ကြမ်းများ၊ ချည်ထည်များ၊ ချုပ်ပြီး အဝတ်အထည် များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့ကြောင်း ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

လက်ရှိဘဏ္ဍာနှစ် ခုနှစ်လအတွင်း လွယ်ဂျယ်နယ်စပ်ကုန်သွယ်မှု ဒေါ်လာ ၇၈ သန်း နီးပါးရရှိပြီး ယခင်နှစ် ကာလတူ ထက် ဒေါ်လာ ရှစ်သန်းနီးပါး ပိုမိုရရှိခဲ့သည်။ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်မှုဒေါ်လာ ၁၂၆ သန်းကျော် ရရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ လေးသန်းကျော် ပိုမိုရရှိခဲ့သည်။ ကျိုင်းတုံနယ်စပ်မှ ကုန်သွယ်မှု ဒေါ်လာငါး သန်းကျော်ရရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာခုနစ်သန်းကျော် လျော့ကျခဲ့သည်။

**မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုအခြေအနေ**

မြန်မာ-ထိုင်းနယ်စပ်တွင် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်၊ မယ်စဲ့ကုန်သွယ်ရေးစခန်း များဖြင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသည်။ လက်ရှိဘဏ္ဍာနှစ် ခုနှစ်လခွဲအတွင်း မြန် မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုဒေါ်လာ ၃၂၃၉ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉၆ သန်းနီးပါး ပိုမိုရရှိခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလအတွင်း ပို့ကုန်ဒေါ်လာ ၄၀ ဒသမ ၇၀၁ သန်း၊ သွင်းကုန်ဒေါ်လာ ၁၂၁ ဒသမ ၅၇၀ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆၂ ဒသမ ၂၇၁သန်းဖြစ်သည်။ ယခင်ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး ဒေါ်လာ ၄၅ ဒသမ ၀၅၂သန်း လျော့နည်းခဲ့ပြီး သွင်းကုန်တန်ဖိုးဒေါ်လာ ၃ဒသမ ၄၃၀ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် ဒေါ်လာ ၄၁ဒသမ ၆၂၂ သန်း လျော့နည်းခဲ့သည်။

ယခင်နှစ်ကာလတူထက် ပို့ကုန်တင်ပို့မှုလျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့မှုလျော့ကျခဲ့ခြင်း ကြောင့်ဖြစ်သည်။ ကာလတူထက် သွင်းကုန်တန်ဖိုး ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနှင့် လူသုံးပစ္စည်းများ၊ ပိုမိုတင်သွင်းခဲ့ သောကြောင့်ဖြစ်သည်။

အောက်တိုဘာလအတွင်း မြဝတီကုန် သွယ်ရေးဇုန်မှ ဆန်ကွဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ ဆန်၊ နှမ်းဖြူ၊ နနွင်းတက်၊ ဝဥ (အစို) အခြောက်၊ ကြက်သွန်နီ၊ ရော်ဘာ၊ ငရုတ်သီးခြောက်၊ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ငါးရှဉ့်နှင့် အခြား ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်၊ ချုပ်ပြီးအထည်များ၊ အခြားစက်မှုကုန်ချောများ အများဆုံးတင်ပို့ခဲ့သည်။ သွင်းကုန် တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်သွင်းခဲ့ကြောင်း မြဝတီ ကုန်သွယ်ရေးဇုန်မှသိရသည်။

သို့သော်လည်း မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်လမ်းတွင် အောက်တိုဘာ တတိယပတ်ခန့်က ငါးရက်ခန့်ပိတ်မိ နေခဲ့သည့်အတွက် မြန်မာ့လယ်ယာထွက်ကုန်များ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ နယ်စပ်မြဝတီမြို့သို့ ပို့ဆောင်မည့် မြန်မာ့လယ်ယာထွက်ကုန်များ၊ ရေသယံဇာတများဖြစ်သော ငါးပုစွန်များသည် အအေးခန်းကားဖြင့် သယ်ယူလာသော်လည်း

တိုက်ပွဲများကြောင့် ရက်ရှည်စောင့်ဆိုင်းလာရသောအခါ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ဟုဆိုသည်။ “နယ်စပ်ကိုသယ်တဲ့အခါ ငရုတ်စိမ်းနဲ့ ငါးပုစွန်တွေက အအေးခန်း ကားနဲ့လာတာပါ။ ရက်ရှည်စောင့်ဆိုင်းရတော့ အဆင်မပြေဘူး၊ အရင်တစ်ခါလို အပုပ်အသိုးမဖြစ်အောင်လို့ နီးစပ်ရာမြို့ကိုပြန်လှည့်ပြီး ရတဲ့ဈေးနဲ့ရောင်းချကြရပါတယ်။ ရှုံးတာတော့ ရှုံးတာပေါ့” ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးက အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့်အခြေအနေကို ပြောပြခဲ့သည်။ ကုန်ခြောက်များ တင်ဆောင်လာသူတစ်ဦးကလည်း “ကျွန်တော်တို့က ကုန်ခြောက်တင်လာတာပါ။ ဒါပေမဲ့ ကုန်ကျစရိတ်တွေဆွဲလာပြီ။ ကားတွေကလည်း ကော့ကရိတ်ကနေ ကျူဒိုးအထိအပြည့်၊ အမြန်အေးချမ်း၊ အမြန်သွားလာရစေချင်ပါပြီ၊ ကားသမားတွေရော၊ ခရီးသည်တွေပါအကုန်လုံးအခက်အခဲနဲ့ ရင်ဆိုင်ခဲ့ရတာပါ” ဟု ပြောပြခဲ့သည်။

အောက်တိုဘာ တတိယပတ်အတွင်းက မြဝတီ၊ ကော့ကရိတ်၊ ဒေါနတောင်ကျော်လမ်းတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲ၊ ကော့ကရိတ်မြို့တွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် မြဝတီနယ်စပ်ကုန်သွယ်လမ်းကို အောက်တိုဘာ ၂၂ ရက် အထိ အသွား အလာပိတ်ထားခဲ့စဉ် ယင်းသို့ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ကုန်သွယ်မှုအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ဒေါ်လာ ၁ဒသမ ၁၆၆ သန်း၊ သွင်းကုန်ဒေါ်လာ ၈ ဒသမ ၇၂၆ သန်း ရှိပြီး ကုန်သွယ်မှုပမာဏ ၉ ဒသမ ၈၉၂သန်းဖြစ်၍ ကာလတူဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးဒေါ်လာ သုည ဒသမ ၅၇၉ သန်း လျော့နည်းခဲ့သော်လည်း သွင်းကုန် ဒေါ်လာ၂ဒသမ ၄၈၇ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၉၀၈ သန်း ပိုမိုဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကာလတူထက် ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ရေထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး ဒေါ်လာ သုည ဒသမ ၉၀၉ သန်း၊ သတ္တု တွင်းထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုးဒေါ်လာ သုည ဒသမ ၀၆၄ သန်းနှင့် အခြားပစ္စည်း အုပ်စုတွင် တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၃ သန်း ပိုမိုခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုးဒေါ်လာ ၁ ဒသမ ၅၅၀ သန်း၊ စက်မှုကုန်ချော ပစ္စည်းအုပ်စုတွင် တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၆ သန်း တင်ပို့မှု လျော့နည်းခဲ့သောကြောင့်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင်တန်ဖိုး ဒေါ်လာ သု ည ဒသမ ၅၉၂ သန်း လျော့နည်းခဲ့သော် လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် တန်ဖိုးဒေါ်လာ ၁ဒသမ ၈၅၇ သန်းနှင့် လုပ်ငန်းသုံးကုန် ပစ္စည်းအုပ်စုတွင် တန်ဖိုး ဒေါ်လာ ၁ ဒသမ ၂၂သန်း တင်သွင်းမှု ပိုမိုခဲ့သောကြောင့်ဖြစ်သည်။ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ပြောင်းတင်ပို့မှု အနေဖြင့် မြန်မာ-တရုတ် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒေါ်လာ သုည ဒသမ ၈၅၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၈ရ၀ ကျော်တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာအတွင်း ဒေါ်လာ ၁၃ ဒသမ ၉၃၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော်တင်ပို့ခဲ့သည်။ မြန်မာ-တရုတ် နယ်စပ်မှ တန်ချိန် ၉၂၆၀ ကျော်တင်ပို့ခဲ့သည်။ မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာတန်ချိန် ၁၀၆၀ ကျော်တင်ပို့ခဲ့ပြီး အောက်တိုဘာ လအတွင်း ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၂၆၈၀ ဖြစ်ကြောင်း သိရသည်။

**ပထမသုံးလပတ်အတွင်း မြန်မာမှ**

ပို့ကုန်အများဆုံးတင်ပို့ခဲ့သည့် ထိုင်းနိုင်ငံအလိုက် ကုန်သွယ်မှုအခြေအနေတွင်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ စက်တင်ဘာလကုန်အထိ ခြောက်လအတွင်း မြန်မာ-တရုတ် ကုန်သွယ်မှုတွင် မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၇၃၀ ဒသမ ၂၈၆ သန်း၊ တရုတ်ဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၂၇၄၂ ဒသမ ၃၂၀ သန်းဖြင့် နှစ်နိုင်ငံကုန် သွယ်မှု ဒေါ်လာ ၄၄၇၂ ဒသမ ၆၀၆ သန်းရရှိ ခဲ့သည်။ ခြောက်လအတွင်း မြန်မာ-ထိုင်းကုန် သွယ်မှုအနေဖြင့် မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၈၈၆ ဒသမ ၃၈၅ သန်း၊ ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၀၇၁ ဒသမ ၄၃၀ သန်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၂၉၅၇ ဒသမ ၈၁၅ သန်းရရှိခဲ့ကြောင်း စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဘဏ္ဍာနှစ်အလိုက် မြန်မာ-ထိုင်းကုန် သွယ်မှုအခြေအနေကိုလေ့လာကြည့်ပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာဘက် မှ ပို့ကုန်တင်ပို့မှုတန်ဖိုးဒေါ်လာ ၃၀၉၅ ဒသမ ၉၈၈ သန်းရှိသည်။ ထိုင်းဘက်မှ သွင်းကုန် တန်ဖိုးဒေါ်လာ ၂၀၂၁ ဒသမ ၉၂၅ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၅၁၁၇ ဒသမ ၉၁၃ သန်း ရရှိထားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ -ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၅၄၆၅ ဒသမ ၁၇၃ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန် တန်ဖိုးဒေါ်လာ ၃၂၇၇ ဒသမ ၅၇၅ သန်းတင် ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်ဒေါ်လာ ၂၁၈၇ ဒသမ ၅၉၈ သန်း တင်သွင်း ထားသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၂၉၅၈ ဒသမ ၀၃၉ သန်း ရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၅၅၉ ဒသမ ၄၅၄သန်းတင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၃၉၈ ဒသမ ၅၈၅ သန်းတင်သွင်းထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ -ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၅၀၇၄ ဒသမ ၇၀၇ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန် တန်ဖိုးဒေါ်လာ ၂၈၄၆ ဒသမ ၀၆၆ သန်းတင် ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုးဒေါ် လာ ၂၂၂၈ ဒသမ ၆၄၁ သန်းတင်သွင်းသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ -ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၄၂၈၈ ဒသမ ၁၇၂ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန် တန်ဖိုးဒေါ်လာ ၂၂၁၂ ဒသမ၂၃၄ သန်း တင် ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ် လာ ၂၀၈၅ ဒသမ ၉၃၈ သန်းတင်သွင်းထား သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ၉၅ ဒသမ ၇၂ သန်းဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံသို့ ဒေါ်လာ ၉၄၈ ဒသမ ၁၅သန်းဖြင့် ဒုတိယအများဆုံးဖြစ်သည်။ သို့သော်လည်း သွင်းကုန်တင်သွင်းမှုတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး စင်ကာပူက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံး တင်ပို့ခဲ့သည့်နိုင်ငံမှာ ထိုင်းဖြစ်ပြီး စုစုပေါင်းပို့ကုန်၏ ၂၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအခြေအနေမှာ ယခင်ဘဏ္ဍာနှစ် ပထမ သုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ ကြောင်း သိရသည်။

လက်ရှိဘဏ္ဍာနှစ် ခုနှစ်လခွဲအတွင်းတွင်မူ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများမှအပ ကျန်နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပိုမိုပြုလုပ်နိုင်ခဲ့သည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင်မူ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၄၅ သန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

Source: https://news-eleven.com/article/241019

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ နိုဝင်ဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 55,053,600.810 | 366.828 | | 1 | သဘော်နှင့်သဘော်ာပစ္စည်းများ | 456.183 |
| 2 | သဘာဂဓါတ်ငွေ့ | kg | 20,223,825.757 | 237.670 | | 2 | ရေနံထွက်ပစ္စည်းများ | 426.697 |
| 3 | မတ်ပဲ | မတန် | 113,968.636 | 92.394 | | 3 | ချည်ထည်များ | 105.515 |
| 4 | ပြောင်း | မတန် | 246,497.737 | 71.349 | | 4 | ဓါတ်မြေသြဇာများ | 57.279 |
| 5 | ဆန် | မတန် | 157,955.986 | 60.530 | | 5 | ဆေးဝါးပစ္စည်းများ | 53.711 |
| 6 | ရော်ဘာစိမ်း | မတန် | 31,567.490 | 37.667 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 52.051 |
| 7 | ငါး | မတန် | 33,458.228 | 35.908 | | 7 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 50.592 |
| 8 | ဆန်ကွဲ | မတန် | 60,277.050 | 21.803 | | 8 | စားအုန်းဆီ | 46.785 |
| 9 | ပဲတီစိမ်း | မတန် | 30,607.524 | 19.729 | | 9 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 43.580 |
| 10 | ပဲစင်းငုံ | မတန် | 21,975.006 | 18.068 | | 10 | ဓါတုဗေဒပစ္စည်းများ | 40.664 |

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၅-၁၁၂၀၂၂ )ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၅-၁၁-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 2289.928 | 2243.552 | 46.376 |
| ၂ | တိရိစ္ဆာန်ထွက် | 17.999 | 3.434 | 14.565 |
| ၃ | ရေထွက် | 473.801 | 487.490 | -13.689 |
| ၄ | သတ္တုတွင်းထွက် | 202.226 | 501.903 | -299.677 |
| ၅ | သစ်တောထွက် | 94.285 | 84.835 | 9.450 |
| ၆ | စက်မှုကုန်ချော | 7524.380 | 5325.931 | 2198.449 |
| ၇ | အခြား | 318.101 | 573.052 | -254.951 |
| | **စုစုပေါင်း** | **10920.720** | **9220.197** | **1700.523** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၅-၁၁-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၅-၁၁-၂၀၂၁)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2378.600 | 2250.922 | 127.678 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 5252.497 | 3386.663 | 1865.834 |
| ၃ | လူသုံးကုန်ပစ္စည်း | 2016.579 | 2272.152 | -255.573 |
| ၄ | CMP | 1737.659 | 1058.267 | 679.392 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **11385.335** | **8968.004** | **2417.331** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂၊ နိုဝင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၉.၁၁-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း(ဟောင်း) | ပေါ်ဆန်း (သစ်) |
|---|---|---|---|
| ဖျာပုံ | – | 63000–65000 | 59000–60000 |
| မြောင်းမြ | – | 64000–68000 | 60000–62000 |
| ဒေးဒရဲ | – | 60000–62000 | 58000–60000 |
| ဝါးခယ်မ | 42000–43000 | 58000–60000 | 55000–56000 |
| ဘိုကလေး | 42000–43000 | 62000–64000 | 58000–60000 |
| မော်ကျွန်း | 42000–43000 | 60000–62000 | 55000–56000 |
| လပွတ္တာ | – | 63000–66000 | 59000–61000 |
| ကျိုက်လတ် | 42000–43000 | 60000–62000 | 55000–56000 |
| ဘုရင့်နောင် | 41000–42000 | 80000–90000 (ရွှေဘို) | – |

**Source: MRF**

### ၂၀၂၂၊ နိုဝင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 8.11.2022 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 2 | 14.11.2022 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 3 | 21.11.2022 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 |
| 4 | 28.11.2022 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 |

Source: MRPPA

## ၂၀၂၂၊ နိုဝင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ညှော်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.11.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 2 | 2.11.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 3 | 3.11.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 4 | 4.11.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 5 | 8.11.2022 | 60000 | 58500 | 57000 | 49000 | 48000 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 6 | 9.11.2022 | 60000 | 58500 | 57000 | 49000 | 48000 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 7 | 10.11.2022 | 60000 | 58500 | 57000 | 49000 | 48000 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 8 | 11.11.2022 | 60000 | 58500 | 57000 | 49000 | 48000 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 9 | 14.11.2022 | 61000 | 59000 | 58000 | 51000 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 10 | 15.11.2022 | 61000 | 59000 | 58000 | 51000 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 11 | 16.11.2022 | 61000 | 59000 | 58000 | 51000 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 12 | 18.11.2022 | 61000 | 59000 | 58000 | 51000 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 13 | 21.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 14 | 22.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 15 | 23.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 16 | 24.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 17 | 25.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 18 | 28.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 19 | 29.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 20 | 30.11.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |

**Source: Myanmar Rice**

## ၂၀၂၂၊ နိုဝင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.11.2022 | 1710000 | 1955000 | 1632000–1736100 | 1837200–1941300 | 1990300–2091300 | 1436100–1653500 |
| 2 | 2.11.2022 | 1748000 | 1950000 | 1632000–1736100 | 1837200–1941300 | 1990300–2091300 | 1436100–1653500 |
| 3 | 3.11.2022 | 1735000 | 1928000 | 1632000–1736100 | 1837200–1941300 | 1990300–2091300 | 1436100–1653500 |
| 4 | 4.11.2022 | 1750000 | 1930000 | 1632000–1736100 | 1837200–1941300 | 1990300–2091300 | 1436100–1653500 |
| 5 | 8.11.2022 | 1810000 | 1930000 | 1632000–1736100 | 1837200–1941300 | 1990300–2091300 | 1436100–1653500 |
| 6 | 9.11.2022 | 1790000 | 1925000 | 1632000–1736100 | 1837200–1941300 | 1990300–2091300 | 1436100–1653500 |
| 7 | 10.11.2022 | 1796000 | 1915000 | 1837200–1889200 | 1837200–1889200 | 1990300–2091300 | 1543200–1653500 |
| 8 | 11.11.2022 | 1790000 | 1875000 | 1837200–1889200 | 1837200–1889200 | 1990300–2091300 | 1543200–1653500 |
| 9 | 14.11.2022 | 1755000 | 1840000 | 1837200–1889200 | 1837200–1889200 | 1990300–2091300 | 1543200–1653500 |
| 10 | 15.11.2022 | 1768000 | 1840000 | 1837200–1889200 | 1837200–1889200 | 1990300–2091300 | 1543200–1653500 |
| 11 | 16.11.2022 | 1765000 | 1840000 | 1837200–1889200 | 1837200–1889200 | 1990300–2091300 | 1543200–1653500 |
| 12 | 18.11.2022 | 1750000 | 1688000 | 1837200–1889200 | 1837200–1889200 | 1990300–2091300 | 1543200–1653500 |
| 13 | 21.11.2022 | 1750000 | 1900000 | 1837200–1889200 | 1837200–1889200 | 1990300–2039300 | 1543200–1705500 |
| 14 | 22.11.2022 | 1726000 | 1895000 | 1837200–1889200 | 1837200–1889200 | 1990300–2039300 | 1543200–1705500 |
| 15 | 23.11.2022 | 2741000 | 1895000 | 1837200–1889200 | 1837200–1889200 | 1990300–2039300 | 1543200–1705500 |
| 16 | 24.11.2022 | 1723000 | 1895000 | 1837200–1889200 | 1837200–1889200 | 1990300–2039300 | 1543200–1705500 |
| 17 | 25.11.2022 | 1720000 | 1880000 | 1837200–1889200 | 1837200–1889200 | 1990300 | 1543200–1705500 |
| 18 | 28.11.2022 | 1700000 | 1915000 | 1837200–1889200 | 1837200–1889200 | 1990300 | 1543200–1705500 |
| 19 | 29.11.2022 | 1704000 | 1910000 | 1580000–1635100 | 1785100–1837200 | 1938200–1990300 | 1543200–1705500 |
| 20 | 30.11.2022 | 1690000 | 1900000 | 1580000–1635100 | 1785100–1837200 | 1938200–1990300 | 1543200–1705500 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂၊ နိုဝင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)<br>(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–685900 |
| 2 | 2.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–685900 |
| 3 | 3.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–685900 |
| 4 | 4.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–685900 |
| 5 | 8.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–685900 |
| 6 | 9.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–685900 |
| 7 | 10.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1733100–1788200 | 673600–692000 |
| 8 | 11.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 673600–692000 |
| 9 | 14.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 692000–704200 |
| 10 | 15.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 692000–704200 |
| 11 | 16.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 692000–704200 |
| 12 | 18.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 689100–710400 |
| 13 | 21.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 689100–710400 |
| 14 | 22.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 689100–710400 |
| 15 | 23.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1714700–1736100 | 689100–710400 |
| 16 | 24.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1632000–1684100 | 710400–722600 |
| 17 | 25.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1580000–1635100 | 710400–722600 |
| 18 | 28.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1580000–1635100 | 710400–722600 |
| 19 | 29.11.2022 | 2706800–2764900 | 1224800–1276800 | 1325800–1408500 | 1580000–1635100 | 710400–722600 |
| 20 | 30.11.2022 | 2706800–2764900 | 1224800–1276800 | 1325800.138 | 1580000–1635100 | 710400–722600 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | | |
|---|---|---|---|---|---|
| 1 | 1.11.2022 | 1640 | 1643 | - | - |
| 2 | 2.11.2022 | 1654 | 1656 | - | - |
| 3 | 3.11.2022 | 1639 | 1642 | - | - |
| 4 | 4.11.2022 | 1640 | 1644 | - | - |
| 5 | 8.11.2022 | 1676 | 1679 | - | - |
| 6 | 9.11.2022 | 1711 | 1714 | - | - |
| 7 | 10.11.2022 | 1710 | 1713 | - | - |
| 8 | 11.11.2022 | 1753 | 1755 | - | - |
| 9 | 14.11.2022 | 1767 | 1771 | - | - |
| 10 | 15.11.2022 | 1772 | 1777 | - | - |
| 11 | 16.11.2022 | 1775 | 1779 | 2680000 | 2680000 |
| 12 | 18.11.2022 | 1768 | 1771 | 2680000 | N/A |
| 13 | 21.11.2022 | 1749 | 1751 | 2660000 | 2665000 |
| 14 | 22.11.2022 | 1747 | 1750 | 2660000 | 2650000 |
| 15 | 23.11.2022 | 1742 | 1746 | 2665000 | 2657000 |
| 16 | 24.11.2022 | 1758 | 1760 | 2675000 | 2670000 |
| 17 | 25.11.2022 | 1761 | 1764 | 2665000 | 2656000 |
| 18 | 28.11.2022 | 1751 | 1755 | 2655000 | N/A |
| 19 | 29.11.2022 | 1752 | 1755 | 2655000 | 2660000 |
| 20 | 30.11.2022 | 1755 | 1802 | 2665000 | 2660500 |

**Source: Bullionvault,**

**မှတ်ချက်။ e-trademyanmar မှ ရန်ကုန်၊ မန္တလေး ရွှေဈေးမတက်ပါသဖြင့် ဖော်ပြခြင်းမရှိပါ။ ဈေးနှုန်းထွက်ရှိပါက ပြန်လည်တင်ပြပေးပါမည်။**

## ၂၀၂၂၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.11.2022 to 4.11.2022 | 8.11.2022 to 11.11.2022 | 14.11..2022 to 18.11.2022 | 21.11.2022 to 25.11.2022 | 28.11.2022 to 30.11.2022 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 crop) | FAQ | 735-755 | 760-780 | 750-770 | 735-755 | 730-750 |
| | SQ | 880-900 | 900-920 | 890-910 | 860-880 | 850-870 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 810-860 | 835-885 | 830-880 | 815-865 | 815-865 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 915-965 | 925-975 | 920-970 | 885-835 | 885-935 |
| | အခွံပါ အခြမ်း | 765-815 | 790-840 | 785-835 | 765-815 | 765-815 |
| ပဲတီစိမ်း 2022 Crop | FAQ (အညာ) | 690-710 | 690-710 | 690-710 | 680-700 | 670-690 |
| | ရွှေဂါအသေး (Under 3.5 mm) | 800-825 | 800-825 | 800-825 | 800-825 | 800-825 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 975-1000 | 975-1000 | 975-1000 | 975-1000 | 975-1000 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 920-945 | 920-945 | 920-945 | 920-945 | 920-945 |
| ပဲတီစိမ်း 2022 Crop | FAQ ပဲနှောက် | 550-600 | 550-600 | 550-600 | 550-600 | 550-600 |
| | SQ ပဲနှောက် | 700-750 | 700-750 | 700-750 | 700-750 | 700-750 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 775-825 | 775-825 | 775-825 | 750-800 | 750-800 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 930-980 | 930-980 | 930-980 | 905-955 | 905-955 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 800-850 | 800-850 | 800-850 | 775-825 | 775-825 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) | 830-850 | 825-845 | 790-810 | 790-810 | 790-810 |
| | ဖြူနီ /အဖြူ (FAQ) | - | - | - | 730-750 | 730-750 |
| | အခွံချွတ်အခြမ်း | 1165-1190 | 1160-1185 | 1125-1150 | 1125-1150 | 1125-1150 |
| ကုလားပဲဖြူလုံးကြီး | FAQ | 700-725 | 700-725 | 700-725 | 700-725 | 675-700 |
| | အခွံချွတ်အခြမ်း | 1020-1025 | 1020-1025 | 1020-1025 | 1020-1025 | 995-1000 |
| ပဲလွန်းဖြူ | FAQ | 550-600 | 550-600 | 550-600 | 550-600 | 550-600 |
| | SQ | 670-700 | 670-700 | 670-700 | 670-700 | 670-700 |
| | အခွံချွတ်အခြမ်း | 800-820 | 800-820 | 800-820 | 800-820 | 800-820 |
| ပဲလွန်းနီ | FAQ | - | - | - | - | - |
| ပဲထောပတ် | FAQ | 670-690 | 670-690 | 670-690 | 670-690 | 670-690 |
| | အခွံချွတ်အခြမ်း | 775-800 | 775-800 | 775-800 | 775-800 | 775-800 |
| ပြောင်းဆံ | | 290-310 | 290-310 | 290-310 | 300-320 | 300-320 |
| နှမ်းဖြူ | | 1575-1625 | 1575-1625 | 1550-1600 | 1425-1475 | 1425-1475 |
| နှမ်းနက် (စမုံ) | | 1575-1625 | 1575-1625 | 1500-1550 | 1500-1550 | 1425-1475 |
| နှမ်းညို | | 1300-1350 | 1300-1350 | 1200-1250 | 1200-1250 | 1200-1250 |
| နှမ်းနက် (ရိုးရိုး) | | 1300-1350 | 1300-1350 | 1200-1250 | 1200-1250 | 1200-1250 |
| ပဲကြီး | | 1150-1175 | 1150-1175 | 1150-1175 | 1150-1175 | 1150-1175 |
| ပဲယင်း | | 600-625 | 600-625 | 550-575 | 530-555 | 530-555 |
| ဘိုကိတ် | | - | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB–YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 2.11.2022 to 8.11.2022 | 9.11.2022 to 15.11.2022 | 16.11.2022 to 22.11.2022 | 23.11.2022 to 29.11.2022 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 395–400 | 395–400 | 395–400 | 295–400 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 385–390 | 385–390 | 385–390 | 385–390 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 380–385 | 380–385 | 380–385 | 380–385 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 375–380 | 375–380 | 375–380 | 375–380 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 375–380 | 375–380 | 375–380 | 375–380 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 370–375 | 370–375 | 370–375 | 370–375 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 365–370 | 365–370 | 365–370 | 365–370 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 360–365 | 360–365 | 360–365 | 360–365 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 360–365 | 360–365 | 360–365 | 360–365 |
| 11 | Myanmar Long Grain Brown Rice 5% Broken | – | – | – | – |
| 12 | Myanmar Long Grain Brown Rice 10% Broken | – | – | – | – |
| 13 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 395–400 | 395–400 | 395–400 | 395–400 |
| 14 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 |
| 15 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 |
| 16 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 |
| 17 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 395–400 | 395–400 | 395–400 | 395–400 |
| 18 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 |
| 19 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 |
| 20 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 395–400 | 395–400 | 395–400 | 395–400 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 395–400 | 395–400 | 395–400 | 395–400 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 |
| 29 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 485–505 | 485–505 | 485–505 | 485–505 |
| 30 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 480–500 | 480–500 | 480–500 | 480–500 |
| 31 | Myanmar Long Grain Parboiled Brown Rice 5% Broken | 415–425 | 415–425 | 415–425 | 415–425 |
| 32 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 490–515 | 490–515 | 490–515 | 490–515 |
| 33 | Myanmar Glutinous Rice 5% Broken | 500–520 | 500–520 | 500–520 | 500–520 |
| 34 | Myanmar Glutinous Rice 10 % Broken | 490–500 | 490–500 | 490–500 | 490–500 |
| 35 | Myanmar Glutinous Rice 15 % Broken | 480–490 | 480–490 | 480–490 | 480–490 |

**Source: MRF**

## ၂၀၂၂၊ နိုဝင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.11.2022 | 87.11 | 94.83 | 281.07 | 6.26 | 419.09 |
| 2 | 2.11.2022 | 89.68 | 95.88 | 262.62 | 5.82 | 365.56 |
| 3 | 3.11.2022 | 89.59 | 95.89 | 269.54 | 6.14 | 366.88 |
| 4 | 4.11.2022 | 88.93 | 95.43 | 271.60 | 5.91 | 389.97 |
| 5 | 8.11.2022 | 91.54 | 97.71 | 265.14 | 6.75 | 376.60 |
| 6 | 9.11.2022 | 88.57 | 95.11 | 263.12 | 6.30 | 377.03 |
| 7 | 10.11.2022 | 85.83 | 92.69 | 255.86 | 5.95 | 364.86 |
| 8 | 11.11.2022 | 86.79 | 93.98 | 256.70 | 6.12 | 358.29 |
| 9 | 14.11.2022 | 89.32 | 96.43 | 263.97 | 6.03 | 362.65 |
| 10 | 15.11.2022 | 85.52 | 93.04 | 253.57 | 6.06 | 356.87 |
| 11 | 16.11.2022 | 86.57 | 93.62 | 250.92 | 6.14 | 362.27 |
| 12 | 18.11.2022 | 82.55 | 90.46 | 246.10 | 6.35 | 353.20 |
| 13 | 21.11.2022 | 79.18 | 86.57 | 239.15 | 6.20 | 349.11 |
| 14 | 22.11.2022 | 79.73 | 87.88 | 245.27 | 6.64 | 350.16 |
| 15 | 23.11.2022 | 80.95 | 88.30 | 253.33 | 6.94 | 248.91 |
| 16 | 24.11.2022 | 77.90 | 85.21 | 246.59 | 7.19 | 335.32 |
| 17 | 25.11.2022 | 78.31 | 85.51 | 245.15 | 7.20 | 339.44 |
| 18 | 28.11.2022 | 74.25 | 81.54 | 229.48 | 6.90 | 322.46 |
| 19 | 29.11.2022 | 78.08 | 84.37 | 231.86 | 6.79 | 321.70 |
| 20 | 30.11.2022 | 78.90 | 83.77 | 233.21 | 7.13 | 331.50 |

Source: Bloomberg Commodities

## ၂၀၂၂၊ နိုဝင်ဘာလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Nov 2022 | 101.80 | * | 179.55 | * | 120.70 |
| 2 | 02 Nov 2022 | 101.73 | * | 179.40 | * | 121.75 |
| 3 | 03 Nov 2022 | 102.54 | * | 179.15 | * | 121.70 |
| 4 | 04 Nov 2022 | 103.07 | * | 180.55 | * | 125.55 |
| 5 | 05 Nov 2022 | * | * | 181.15 | * | * |
| 6 | 07 Nov 2022 | 102.50 | * | 182.45 | * | 127.35 |
| 7 | 08 Nov 2022 | 102.36 | * | 183.65 | * | 129.15 |
| 8 | 09 Nov 2022 | 102.00 | * | 185.30 | * | 129.60 |
| 9 | 10 Nov 2022 | 101.41 | * | 185.30 | * | 126.20 |
| 10 | 11 Nov 2022 | 104.07 | * | 185.35 | * | 128.85 |
| 11 | 12 Nov 2022 | * | * | 185.35 | * | * |
| 12 | 14 Nov 2022 | 105.82 | * | 184.05 | * | 130.05 |
| 13 | 15 Nov 2022 | 106.58 | * | 183.60 | * | 132.45 |
| 14 | 16 Nov 2022 | 106.70 | * | 183.80 | * | 130.70 |
| 15 | 17 Nov 2022 | 105.73 | * | 182.50 | * | 130.65 |
| 16 | 18 Nov 2022 | * | * | 182.40 | * | * |
| 17 | 19 Nov 2022 | * | * | 182.40 | * | * |
| 18 | 21 Nov 2022 | 103.38 | * | 181.60 | * | 124.95 |
| 19 | 22 Nov 2022 | 104.05 | * | 181.00 | * | 127.95 |
| 20 | 23 Nov 2022 | 103.61 | * | 180.30 | * | 127.85 |
| 21 | 24 Nov 2022 | 103.66 | * | 179.80 | * | 127.40 |
| 22 | 26 Nov 2022 | * | * | 178.45 | * | * |
| 23 | 28 Nov 2022 | * | * | 178.60 | * | * |
| 24 | 29 Nov 2022 | 104.12 | * | 178.70 | * | 128.35 |
| 25 | 30 Nov 2022 | 105.52 | * | 178.95 | * | 130.15 |

Source: Association of natural rubber producing countries

## ၂၀၂၂၊ နိုဝင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.11.2022 | 2980-3000 | 2930-2960 |
| 2 | 2.11.2022 | 2950-3000 | 2970-3000 |
| 3 | 3.11.2022 | 2950-3000 | 3030-3050 |
| 4 | 4.11.2022 | 3000-3030 | 3000-3030 |
| 5 | 8.11.2022 | 2980-3000 | 3000-3030 |
| 6 | 9.11.2022 | 2970-3000 | 3970-3000 |
| 7 | 10.11.2022 | 2970-3000 | 2960-2980 |
| 8 | 11.11.2022 | 2950-2980 | 2930-2960 |
| 9 | 14.11.2022 | 2930-2950 | 2930-2950 |
| 10 | 15.11.2022 | 2910-2930 | 2910-2930 |
| 11 | 16.11.2022 | 2920-2950 | 2910-2930 |
| 12 | 18.11.2022 | 2900-2930 | 2900-2930 |
| 13 | 21.11.2022 | 2870-2890 | 2860-2880 |
| 14 | 22.11.2022 | 2840-2870 | 2840-2870 |
| 15 | 23.11.2022 | 2860-2890 | 2860-2880 |
| 16 | 24.11.2022 | 2870-2900 | 2910-2930 |
| 17 | 25.11.2022 | 2870-2890 | 2860-2880 |
| 18 | 28.11.2022 | 2880-2900 | 2870-2890 |
| 19 | 29.11.2022 | 2870-2890 | 2860-2880 |
| 20 | 30.11.2022 | 2870-2890 | 2850-2870 |

Source: e trade Myanmar

## ၂၀၂၂၊ နိုဝင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.11.2022 | 2100.0 | 55.563 | 288.53 | 1488.8 | 25.405 | 1423.5 |
| 2 | 2.11.2022 | 2100.0 | 55.873 | 288.55 | 1487.5 | 25.376 | 1427.0 |
| 3 | 3.11.2022 | 2100.0 | 55.292 | 286.95 | 1477.4 | 25.325 | 1416.4 |
| 4 | 4.11.2022 | 2100.0 | 55.993 | 289.28 | 1484.0 | 25.466 | 1421.6 |
| 5 | 8.11.2022 | 2100.0 | 56.202 | 289.30 | 1496.3 | 25.710 | 1435.0 |
| 6 | 9.11.2022 | 2100.0 | 57.104 | 290.03 | 1502.3 | 25.813 | 1442.1 |
| 7 | 10.11.2022 | 2100.0 | 56.965 | 289.54 | 1498.2 | 25.683 | 1434.6 |
| 8 | 11.11.2022 | 2100.0 | 58.309 | 294.85 | 1523.0 | 25.933 | 1492.5 |
| 9 | 14.11.2022 | 2100.0 | 58.496 | 297.83 | 1527.7 | 25.866 | 1498.6 |
| 10 | 15.11.2022 | 2100.0 | 58.997 | 298.17 | 1534.6 | 25.849 | 1505.6 |
| 11 | 16.11.2022 | 2100.0 | 58.807 | 296.36 | 1534.8 | 25.818 | 1504.5 |
| 12 | 18.11.2022 | 2100.0 | 58.791 | 295.18 | 1531.2 | 25.714 | 1501.2 |
| 13 | 21.11.2022 | 2100.0 | 57.979 | 293.00 | 1519.9 | 25.664 | 1482.0 |
| 14 | 22.11.2022 | 2100.0 | 58.180 | 294.30 | 1522.7 | 25.722 | 1486.7 |
| 15 | 23.11.2022 | 2100.0 | 57.974 | 293.48 | 1518.9 | 25.673 | 1785.3 |
| 16 | 24.11.2022 | 2100.0 | 58.700 | 294.41 | 1528.3 | 25.722 | 1514.4 |
| 17 | 25.11.2022 | 2100.0 | 58.700 | 293.13 | 1529.0 | 25.744 | 1509.8 |
| 18 | 28.11.2022 | 2100.0 | 59.063 | 291.90 | 1528.8 | 25.721 | 1523.2 |
| 19 | 29.11.2022 | 2100.0 | 59.230 | 292.76 | 1529.9 | 25.704 | 1519.2 |
| 20 | 30.11.2022 | 2100.0 | 59.617 | 295.71 | 1535.8 | 25.787 | 1513.8 |

Source: Central Bank of Myanmar